ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (29-8-2004)(၄၃၄၀)

**သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ။**

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

## သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်း

☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်မည်။

# မြန်မာနိုင်ငံအနေဖြင့် e-Government လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ အစိုးရအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ပိုသွက်လက်လာမည် ကွန်ပျူတာသုံးမြန်မာစာစနစ် အမြန်ဆုံးပေါ်ပေါက်ရေးအတွက် သုတေသနပြု တီထွင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၈

**မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA) တို့၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

**တက်ရောက်**

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ MICT DC ဒါရိုက်တာ အဖွဲ့ဝင်များ၊ e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA)တို့မှ အမှုဆောင်များနှင့် အသင်းဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်အသင်းများ၏ ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်များ၊ ICT ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT Master Plan များ ရေးဆွဲကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန့်ပွားရေးတို့အတွက် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှု၊ International ICT Exhibition များ ကျင်းပခဲ့မှု၊ IT Caravan နယ်လှည့်ဟောပြောပွဲများ သွားရောက်ခဲ့မှု၊ သတင်းလွှာများနှင့် စာအုပ်များ ထုတ်ဝေခဲ့မှုနှင့် MICT Park၌ Resource Centre တည်ထောင်ထားရှိမှု၊ နိုင်ငံခြား ပညာတော်သင်များ စေလွှတ်ခဲ့မှု၊ e-Learning Center ၌ ဖွင့်လှစ်နေသော သင်တန်းများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြေးမုံ The Mirror ဆောင်းပါး အညွှန်း**

***လက်ဆေးရင် ကျန်းမာမယ်၊ သန့်ရှင်းမယ်၊ ရောဂါကင်းမယ်ဆိုတာ ကလေးကအစ သိပါတယ်။ လက်ဆေးခြင်းဟာ နည်းပညာတစ်ခုပဲ။ ကျွမ်းကျင်ဖို့ သင်လို့လွယ်တယ်။ ဆပ်ပြာနဲ့ ရေသန့်ရှိမှ လက်ဆေးလို့ရတယ်ဆိုတာလဲ သိရမယ်။ စီစဉ်ရမယ်။ သိနေ၊ ပြည့်စုံနေသည့်တိုင် "သတိ"မရှိရင် "သိလျက်နှင့် ဝိပါက်ကြမ္မာငင်"တတ်ပါတယ်။***

ဒေါက်တာခင်မောင်လွင်၏ **"ကျန်းမာသည့်လူငယ်"** ဆောင်းပါး-စာမျက်နှာ(၆)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၉-၈-၂၀၀၄
(တနင်္ဂနွေနေ့)

# စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံများတွင် ဗဟိုအချက်အချာနိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံများအနက် ရဟန်းသံဃာငါးသိန်းခန့် နေထိုင်သီတင်းသုံးလျက်ရှိသော နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများသည် ဗုဒ္ဓဘာသာတရားကို အထူးသက်ဝင် ယုံကြည်ကိုးကွယ်ကြသူများဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် သဗ္ဗညုဘုရားရှင်ဟောကြားတော်မူခဲ့သော မူလတရားတော်များကို အခြေခံပြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေး၊ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးတို့အတွက် ဗုဒ္ဓဘာသာဝင်နိုင်ငံတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ရေး ရည်ရွယ်ချက်များဖြင့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည်ဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိအပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဗဟိုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသွားသည်။

မြန်မာနိုင်ငံသည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် တည်ထောင်သည့် (၆)နှစ်မြောက် အခမ်းအနားနှင့် တိုက်ဆိုင်၍ အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံများကို ၁၉၉၈ ခုနှစ်ကစ၍ ကျင်းပလာခဲ့ရာပထမအကြိမ်ညီလာခံကို ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့သည်။ ယခု ၂၀၀၄ ခုနှစ်တွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ထေရဝါဒဗုဒ္ဓသာသနာ ဗဟိုအချက်အချာနိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

ယခုအခါ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် အနီးကပ်ကြီးကြပ်ရေးအဖွဲ့နှင့် အတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်း၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ခင်းကျင်းစီစဉ်ခြင်း၊ ညီလာခံကြီးတွင် တာဝန်ထမ်းဆောင်ကြမည့်ဆက်သွယ်ရေး အရာရှိများအား သင်တန်းများပို့ချခြင်း၊ ညီလာခံ အထိမ်းအမှတ်ပစ္စည်းများ စီစဉ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

ထို့အပြင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဆိုင်ရာ ဆပ်ကော်မတီများဖြစ်ကြသည့် အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများ ကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်း ထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီအသီးသီးတို့ကလည်း သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တက်တက်ကြွကြွ ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော် သံဃာတော်များအား လှူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာအောင်သံဃာအပါး ၄၅၀တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။**

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဇနီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၏ဇနီး၊ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချ၊ စာသင်ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာဆွမ်း အလှူတော် ငွေကျပ် ၃၀၁၀၀၀ ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြတ်အောင်က လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နာယကချုပ်ဆရာတော်က သာဓုအနုမောဒနာတရားတော်နှင့် ရေစက်သွန်းချတရား ချီးမြှင့်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာအောင်သံဃာအပါး ၄၅၀ တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဇနီး ဒေါ်ခင်အေးနှင့်ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှဝေကြစဉ်။** (မိုးသက်ဦးစီး)

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

(၂၈-၈-၂၀၀၄)

| | | |
|---|---|---|
| မချမ်းဘော | ၄ ဒသမ | ၈၄ လက်မ |
| ခန္တီး | ၄ ဒသမ | ၂၉ လက်မ |
| ဘားအံ | ၂ ဒသမ | ၈၀ လက်မ |
| သထုံ | ၂ ဒသမ | ၅၆ လက်မ |
| စစ်တွေ | ၂ ဒသမ | ၄၈ လက်မ |



**ကွယ်လွန်သူမိဘ ဦးတင်ဝမ်း-ဒေါ်ပြုံးရီတို့အားရည်စူး၍ အမှတ် ၁၆၁၊ လှိုင်မြစ်လမ်း ဈေးကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေ ကျန်ရစ်သူသားသမီးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို ဩဂုတ်၁၂ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။**
(က-ပ)



# မြန်မာနိုင်ငံ စာတတ်မြောက်ရေးမော်ကွန်းစာအုပ် ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အများပြည်သူတို့အတွင်း စာမတတ်သူများကို စာတတ်မြောက်လာစေရေးသို့ရှေးရှု၍ အမျိုးသားရေးကြိုးပမ်းအားထုတ်မှုတစ်ရပ်အဖြစ် ညီညာဖြိုဖြို ဝိုင်းဝန်းဆောင်ရွက်ကြသည်။

ထိုသို့ ကြိုးပမ်းအားထုတ်ကြရာ၌ လူထုစည်းရုံးလှုပ်ရှားမှုအသွင်ဖြင့် လူတိုင်းစာတတ်မြောက်ရေးအတွက် လူတိုင်းအားတက်သရော ပါဝင်ပူးပေါင်းအားထုတ်ဆောင်ရွက်မှု ပြုကြခြင်းဖြစ်သည်။

ဤသို့ တစ်ခဲနက် ကြိုးပမ်းဆောင်ရွက်မှုအရပ်ရပ်ကို တစုတစည်းတည်း သမိုင်းဝင် သမိုင်းတင်သည့် အနေဖြင့် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၈ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် **မြန်မာနိုင်ငံ စာတတ်မြောက်ရေးမော်ကွန်း** စာအုပ်အဖြစ် ဓာတ်ပုံ၊ ရုပ်ပုံ၊ မှတ်တမ်းမှတ်ရာများဖြင့် ဝေဝေဆာဆာ ပုံနှိပ်ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ **မြန်မာနိုင်ငံ စာတတ်မြောက်ရေးမော်ကွန်း** စာအုပ်ကို ၂၀၀၄ ခုနှစ် စက်တင်ဘာ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့မှ စတင်ပြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဖုန်း-၅၀၂၀၇၇၊ ၅၂၇၀၅၃ က ဖြန့်ချိသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## နိုင်ငံတကာ သတင်းများ

# နာဂျက်ဖ် အကျပ်အတည်းဖြေရှင်းရေး စစ္စတာနီနှင့် အယ်လ်ဆာဒါ သဘောတူညီမှုရရှိ

နာဂျက်ဖ် ဩဂုတ် ၂၇

**အီရတ် ၇၄ဦး သေဆုံးပြီး ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် တစ်ရက်ကြာ ကသောင်းကနင်းနိုင်မှုနှင့် သွေးထွက်သံယိုမှု ဖြစ်ပွားပြီးနောက် နာဂျက်ဖ်မြို့၌ ရက်သတ္တသုံးပတ်ကြာ ဝိုင်းပတ်ပိတ်ဆို့မှု အဆုံးသတ်စေရေးအတွက် ယာယီသဘောတူညီချက်ကို မိမိတို့ရရှိထားကြောင်း အီရတ်နိုင်ငံရှိ ဩဇာတိက္ကမ အကြီးဆုံး ရှီးယိုက်ခေါင်းဆောင်၏ လက်ထောက်များက ပြောကြားသည်။**

အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာတွင် အီမန်အလီ ဝတ်ကျောင်းတော်ကို ခြေကုပ်စခန်းအဖြစ် ယူထားသည့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါသည် နာဂျက်ဖ် အကျပ်အတည်း အဆုံးသတ်ရန် အယာတိုလာ အယ်လ်စစ္စတာနီက တင်ပြသည့် စည်းကမ်းချက်များကို သဘောတူညီကြောင်း စစ္စတာနီ၏လက်ထောက်တစ်ဦးဖြစ်သူ ဟာမစ်အယ်လ်ခါဖက်က ပြောကြားသည်။

အီရတ်ကြားဖြတ်အစိုးရက လက်ခံခဲ့သည့် ယင်းသဘောတူညီချက်တွင် ရာနှင့်ချီသည့် ဆာဒါ၏ တိုက်ခိုက်ရေးသမားများ အီမန်အလီဝတ်ကျောင်းတော်မှ ရုပ်သိမ်းရေး၊ နာဂျက်ဖ်နှင့် အနီးအနားရှိ ကူဖာမြို့တို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီး အီရတ်ရဲတပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်ထားရှိရေးတို့ ပါဝင်သည်။

**တွေ့ဆုံဆွေးနွေး**

အသက် ၇၃ နှစ်ရှိ စစ္စတာနီ နာဂျက်ဖ်မြို့သို့ ရောက်ရှိပြီးနောက် ရှီးယိုက်ခေါင်းဆောင်နှစ်ဦးတို့ နှစ်ဦးချင်း တွေ့ဆုံဆွေးနွေးရာတွင် ယင်းသဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။

အကယ်၍ ယင်းသဘောတူညီချက်ကို ဆာဒါက လေးစားလိုက်နာလျှင် အီရတ်နိုင်ငံတွင် ယခုအချိန်ထိ သွေးထွက်သံယိုအဖြစ်ဆုံး ထိပ်တိုက်တွေ့ဆုံမှု အဆုံးသတ်စေမည် ဖြစ်သည်။ ယင်းအကျပ်အတည်းတွင် အီရတ်လူမျိုး ရာနှင့်ချီ၍ သေဆုံးရပြီး လူဦးရေ ငါးသိန်းရှိသည့် နာဂျက်ဖ်မြို့၏ အများစုမှာလည်း ပျက်စီးခဲ့ရသည်။ အဆိုပါ အကျပ်အတည်းသည် သက်တမ်း နှစ်လရှိပြီဖြစ်သည့် ဝန်ကြီးချုပ် အာလာဝီ၏ အီရတ်အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

အယ်လ်ဆာဒါသည် စစ္စတာနီ၏ အစီအစဉ်ကို သဘောတူညီခဲ့ကြောင်း၊ အီရတ်အစိုးရနှင့် ဆာဒါတို့ထံမှ သတင်းကောင်းကို ကြားသိရမည်ဖြစ်ကြောင်း နာဂျက်ဖ်မြို့တွင် စစ္စတာနီ တည်းခိုရာ နေအိမ်အပြင်ဘက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ခါဖက်က သတင်းထောက်များအား ပြောကြားသည်။ ***အင်တာနက်။***

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် ဘရက်ဒလေ တင့်ကားများ ကင်းလှည့်စောင့်ကြပ်နေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်နိုင်ငံမှ ဝန်ထမ်းများကို တူရကီ ကုမ္ပဏီနှစ်ခု ရုပ်သိမ်းမည်

**အန်ကာရာ ဩဂုတ် ၂၇**

အီရတ်နိုင်ငံတွင် လုပ်ငန်းလုပ်ဆောင်နေသည့် တူရကီကုမ္ပဏီနှစ်ခုမှ အင်ဂျင်နီယာနှစ်ဦး ပြန်ပေးဆွဲခံရပြီးနောက် ၎င်းကုမ္ပဏီက အီရတ်နိုင်ငံမှ ဝန်ထမ်းများ ရုပ်သိမ်းမည်ဖြစ်ကြောင်း ပုဂ္ဂလိက စီအင်န်အင်န်ရုပ်မြင်သံကြားက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

ကုမ္ပဏီဝန်ထမ်းနှစ်ဦးဖြစ်သည့် အော့ဇ်ဒီမာနှင့် ဒတ်စ်ကင်တို့အား ပြောက်ကျားများက လုပ်ငန်းခွင်မှ ပြန်ပေးဆွဲခဲ့ပြီးနောက် ဆာရာနှင့် ယူစလူယာ ကုမ္ပဏီတို့က အီရတ်နိုင်ငံမှ ဝန်ထမ်းများ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း စီအင်န်အင်န် ရုပ်မြင်သံကြားက ဆက်လက်ဖော်ပြသည်။

**ခြိမ်းခြောက်**

ဓားစာခံများအား လက်နက်ကိုင်ပြီး မျက်နှာဖုံးစွပ်ထားသော ခုခံတိုက်ခိုက်ရေးသမားများရှေ့တွင် ထိုင်နေပုံကို အဆိုပါ ရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့ညက ထုတ်လွှင့်ပြသသည်။ အဆိုပါ ခုခံတိုက်ခိုက်ရေးသမားများက ၎င်းကုမ္ပဏီများ အီရတ်နိုင်ငံမှ ရုပ်သိမ်းခြင်းမပြုလျှင် တူရကီဓားစာခံများအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

**ပြန်လည်ရုပ်သိမ်း**

ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များက စီအင်န်အင်န် သတင်းဖော်ပြချက်အပေါ် ထုတ်ဖော်ဝေဖန်ခြင်း မရှိသေးပေ။ ဧပြီလ နောက်ပိုင်းကတည်းက အီရတ်နိုင်ငံရှိ ပြည်ပအလုပ်သမားများ ပြန်ပေးဆွဲခံနေရသည်။ ဓားစာခံအများစုကို ပြန်လည်လွှတ်ပေးလိုက်သော်လည်း အသတ်ခံခဲ့ရသည့် အချို့ဝန်ထမ်းများအတွက် လုံခြုံရေးအန္တရာယ် ရှိနေသောကြောင့် တူရကီကုမ္ပဏီများ အီရတ်မှ ပြန်လည်ရုပ်သိမ်းနေကြသည်။

တူရကီနိုင်ငံမှ ကုန်တင်ကားများနှင့် နောက်တွဲကားများ အီရတ်နိုင်ငံသို့ နှစ်စဉ်ခေါက်ရေ ၇၀၀၀၀၀ ခန့် သွားရောက်ခဲ့ကြပြီး ပြည်ပဝင်ငွေအဖြစ် ဒေါ်လာဘီလျံချီ၍ ရရှိခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**ကူဝိတ်နိုင်ငံမှ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့သို့ ရောက်ရှိလာသည့် ရှီးယိုက်ထိပ်တန်းခေါင်းဆောင် အယာတိုလာအယ်လ်စစ္စတာနီအား ကြိုဆိုနေသူများကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီတလီ သတင်းစာဆရာတစ်ဦးကို ပြန်ပေးသမားများ သတ်ဖြတ်

ရောမ ဩဂုတ် ၂၇

**အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စု အနေဖြင့် ပြန်ပေးဆွဲထားသော အီတလီသတင်းစာဆရာ အန်ဇိုဘာဒိုနီအား ပြန်လည်လွှတ်ပေးရန် အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက တိုက်တွန်းကြောင်း အီတလီမီဒီယာက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။**

မိမိတို့အစိုးရအား ဝေဖန်ပြီး စစ်ဆန့်ကျင်ရေးလုပ်သည့် လွတ်လပ်သည့် သတင်းစာဆရာအား ပြန်ပေးသမားများက ပြန်လွှတ်ပေးရန် ဖရက်တီနီက ရောမအခြေစိုက် မီဆက်ဂရို သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ဘာဒိုနီ၏ သတင်းပေးပို့ချက်များသည် အီရတ်နိုင်ငံနှင့် စပ်လျဉ်းသည့် အမေရိကန်ဦးဆောင်သော စစ်ရေးလှုပ်ရှားမှုတွင် အီတလီနိုင်ငံ၏ အခန်းကဏ္ဍအပေါ် ဝေဖန်ထားကြောင်း ဖရက်တီနီက ထပ်လောင်းပြောကြားသည်။

ဘာဒိုနီသည် အီရတ်နိုင်ငံတွင် ရှိနေပြီး အီရတ်ပြည်သူလူထုအကျိုးသယ်ပိုးကူညီဆောင်ရွက်ပြီး ပြည်သူများ၏ ဝေဒနာခံစားမှု သက်သာပြေပျောက်စေရေးနှင့် အီရတ်တစ်ဝန်းဖြစ်သမျှ ဓာတ်လမ်းစုံကို ထုတ်ဖော်ရေးသားနေသူဖြစ်ကြောင်း ဖရက်တီနီက အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားနှင့် သီးခြား တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

**စေတနာ့ဝန်ထမ်း**

အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုက အန်ဇိုဘာဒိုနီ အမည်ရှိ အီတလီ သတင်းစာဆရာတစ်ဦးအား ထိန်းသိမ်းထားကြောင်း အယ်လ်ဂျာဇီရာရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။ ဘာဒိုနီသည် အီရတ်နိုင်ငံတွင် ကြက်ခြေနီအဖွဲ့အတွက်လည်း စေတနာ့ဝန်ထမ်း လုပ်ဆောင်ပေးခဲ့သူဖြစ်သည်။

အဆိုပါ ခုခံတိုက်ခိုက်ရေးအုပ်စုက အီတလီအစိုးရအား အီရတ်နိုင်ငံမှ ၎င်း၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ၄၈ နာရီ အချိန်ပေးထားသည်။ အီတလီအစိုးရက ယင်းတောင်းဆိုချက်အား ပယ်ချလိုက်သည်။

အီရတ်စစ်ပွဲတွင် အီတလီနိုင်ငံ ပါဝင်တိုက်ခိုက်မှု မရှိခဲ့ပေ။ သို့ရာတွင် ဗြိတိသျှဦးဆောင်သည့် နိုင်ငံစုံတည်ငြိမ်ရေးတပ်ဖွဲ့ဝင်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တပ်ဖွဲ့ဝင် ၃၀၀၀ ကို အီရတ်သို့ စေလွှတ်ထားခဲ့သည်။

အီရတ်ကြားဖြတ်အစိုးရက မိမိတို့၏ တပ်ဖွဲ့များ ရုပ်သိမ်းပေးရန် တောင်းဆိုပါက ၎င်းတပ်ဖွဲ့ဝင်များအား အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်ထားသည်ဟု ဖရက်တီနီက ပြောကြားသည်။

**အတည်ပြု**

နောက်ထပ်ရရှိသည့် သတင်းအရ အီတလီသတင်းစာဆရာ ဘာဒိုနီအား ပြန်ပေးသမားတို့က သတ်ဖြတ်ခဲ့ကြကြောင်း အီတလီအစိုးရက အတည်ပြုပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်

**ဟန္နိုင်း ဩဂုတ် ၂၇**

ရေအသုံးချရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်ပြည်နှင့် မြန်မာနိုင်ငံတို့တွင် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စကို မဲခေါင်မြစ်ဝှမ်းကော်မရှင်(အမ်အာစီ) အတွင်းရေးမှူးရုံးက အဆိုပြုထားကြောင်း လာအိုနိုင်ငံ သတင်းရုပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကြောင့် အမ်အာစီ အတွင်းရေးမှူးရုံး၊ မဲခေါင်မြစ်ဝကျွန်းပေါ်နှင့် တုံနယ်စပ်ဒေသများသို့ တဖြည်းဖြည်း သွားရောက်လေ့လာရေး ခရီးစဉ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဗီယင်ကျန်းတွင် ကျင်းပသည့် နဝမအကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းကော်မရှင် အစည်းအဝေးသို့ တက်ရောက်သော ကိုယ်စားလှယ်များအား ၂၀၀၄-၂၀၀၅ အမ်အာစီ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ဟန်စပီရူက ပြောကြားသည်။

အဆိုပါ မဲခေါင်မြစ်ဝှမ်း ဆွေးနွေးပွဲတွင် အဖွဲ့ဝင်လေးနိုင်ငံ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်မှ ကိုယ်စားလှယ်များနှင့် တရုတ်နှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ခြောက်နိုင်ငံသည် မဲခေါင်မြစ်ရေကို စုဝေးသုံးစွဲသည့် နိုင်ငံများဖြစ်ရာ ယင်းနိုင်ငံများမှ ပြည်သူလူထု ချမ်းသာကြွယ်ဝရေးနှင့် သဘာဝအရင်းအမြစ်များ ကာကွယ်စောင့်ရှောက်နိုင်ရေး ရည်မျှော်ကာ မဲခေါင်မြစ်ဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းမည့် အစီအစဉ်ဖြစ်သည်။

အမ်အာစီနှင့် တရုတ်ပြည်တို့က ၂၀၀၂ ခုနှစ် ဧပြီလအတွင်း လက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးခဲ့သည့်နောက် ရေလွှမ်းမှု ကြိုတင်ခန့်မှန်းနိုင်ရေးအတွက် အမ်အာစီသို့ ၂၄ နာရီအလိုက် ရေပမာဏနှင့် ၁၂ နာရီအလိုက် မိုးရေချိန် အချက်အလက်များ ပို့ပေးခဲ့သည်။

တရုတ်ပြည်၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ဟန်စပီရူက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုကြောင့် နောက်ထပ် နည်းပညာတိုးမြှင့်လာရေးအတွက် ထူးခြားသည့် အလားအလာ ဖြစ်ပြီး ဇလဗေဒဆိုင်ရာ အချက်အလက်များ အားတက်သရော မျှဝေလုပ်ဆောင်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ဟန်စပီရူက ဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံအပေါ် သစ္စာမစောင့်မှုဖြင့် ဘလဲကို တရားစွဲဆိုရန် ပြင်ဆင်နေဟုဆို

လန်ဒန် ဩဂုတ် ၂၇

**အီရတ် စစ်ပွဲဆင်နွှဲခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ မမှန်မကန်ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်ဖြင့် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲကို တရားစွဲဆိုရန် လွှတ်တော်ကိုယ်စားလှယ်တစ်စုက ပြင်ဆင်နေကြကြောင်း ဩဂုတ် ၂၆ ရက်ထုတ် ဗြိတိန်သတင်းစာများတွင် ဖော်ပြခဲ့သည်။**

ဝန်ကြီးချုပ်ကို တရားစွဲဆိုရန် ပြင်ဆင်နေသော လွှတ်တော်ကိုယ်စားလှယ်များမှာ ၁၁ ဦးရှိသည်။ အဓိက အားဖြင့် ဝဲချ်နယ်နှင့်စကော့နယ်များမှ ကိုယ်စားလှယ်များ ဖြစ်သည်။ အခြားနှစ်ဦးမှာ အတိုက်အခံကွန်ဆာဗေးတစ် ပါတီမှ ကိုယ်စားလှယ်များဖြစ်၏။ ဗြိတိသျှပါလီမန်တွင် ထိုကဲ့သို့ တရားစွဲဆိုမှုကို လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော် ကသာ ကျင့်သုံးခဲ့ဖူးပြီး ထို့နောက်ပိုင်းတွင် အလားတူ ဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ခြင်းမရှိပေ။

## ဆန္ဒရှိနေ

တရားစွဲဆိုရန် ပြင်ဆင်နေကြသော ကိုယ်စားလှယ် တစ်စုက ဗြိတိန်ဝန်ကြီးချုပ်ဘလဲအနေဖြင့် အီရတ်စစ်ပွဲကိုဆင်နွှဲရန်ဆုံးဖြတ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ဝက်မင်စတာတွင် ရင်ဆိုင်ထုချေသည်ကို မြင်တွေ့လိုသောဆန္ဒရှိနေကြသည် ဟူသောအချက်ကို သတင်းစာများက ထည့်သွင်းရေးသား ခဲ့ကြသည်။

## အသုံးချ

အီရတ်စစ်ပွဲတွင် ဗြိတိသျှတို့ပါဝင်ဆင်နွှဲခဲ့သော ကိစ္စ၏ တန်ပြန်အကျိုးသက်ရောက်မှုကြောင့် ဝန်ကြီးချုပ်ဘလဲအပေါ် လူထု၏ ယုံကြည်ကိုးစားမှုသည် တိုး၍ကျဆင်းသွားသည်ကို တွေ့ကြရသည်။ သို့ရာတွင် မကြာသေးမီက ပြုလုပ်ခဲ့သော လူထုသဘောထား ဆန်းစစ်ချက်များအရ ရှေ့နှစ်တွင် ကျင်းပရန်ရှိသော ရွေးကောက်ပွဲ၌ဘလဲမှာ အနိုင်ရရှိနိုင်မည့် အခြေအနေ အလားအလာများရှိကြောင်း သိရှိရသည်ဟု ဆိုသည်။ ထိုအခြေအနေကြောင့် နိုင်ငံခေါင်းဆောင်ဘလဲ အပေါ် တရားစွဲဆိုခြင်းဖြင့် ဘလဲကိုနိုင်ငံရေးအရ ထိခိုက် သွားစေလိုသောသဘောဖြင့် တရားစွဲဆိုရေးကိစ္စကို အတိုက် အခံများက အသုံးချလာခြင်းဖြစ်ကြောင်း ယူဆချက်များ လည်းရှိသည်။

## အနိုင်ရ

နိုင်ငံအပေါ်ထိခိုက်စေသည်ဟုစွပ်စွဲကာ ဘလဲအပေါ် တရားစွဲသောအလားတူကိစ္စရပ်မျိုးကို ဗြိတိန်တွင် ၁၈၄၈ ခုနှစ်က နောက်ဆုံးအကြိမ် ကျင့်သုံးခဲ့ဖူးကြောင်း သာဓက ရှိသည်။ လွန်ခဲ့သော အနှစ် ၂၀၀ နီးပါးကာလ ၁၈၀၆ ခုနှစ်က အလားတူ စွဲဆိုမှုကိစ္စ၌ တရားလိုများဘက်က အနိုင်ရခဲ့ဖူးသည်ဟုဆိုသည်။

တိုင်းပြည်အပေါ် သစ္စာဖောက်မှုဖြင့် စွဲဆိုနိုင်သော ကိစ္စကို ခေတ်မမီတော့ဟု စဉ်းစားကာ ပယ်ဖျက်ပစ်ရန် ၁၉၇၆ ခုနှစ်က ဗြိတိသျှပါလီမန်တွင် ကြိုးစားခဲ့ဖူးသည်။ မည်သို့ဆိုစေကာမူ အဆိုပါ စွဲဆိုမှုမျိုးကို ဗြိတိသျှတွင် ထပ်မံမပေါ်ပေါက်ခဲ့သည်မှာ ရာစုနှစ်နှင့်ချီ၍ ကြာညောင်း ခဲ့ပြီဖြစ်သည်။

အခြေအနေမည်သို့ပင်ရှိနေစေကာမူ ဗြိတိန်ဥပဒေပြု ပါလီမန် ကိုယ်စားလှယ် ၁၁ ဦးက ဝန်ကြီးချုပ်ဘလဲသည် အီရတ်က မိမိနိုင်ငံအပေါ် ကျရောက်နိုင်သော အန္တရာယ် ကို ပုံကြီးချဲ့ကာ မရိုးမသား ဆောင်ရွက်ခဲ့သည်။ ထို့နောက် အီရတ်စစ်ပွဲဆင်နွှဲရန် မမှန်မကန်ကြိုးစားခဲ့ကြောင်း ယုံကြည် သည့်အတွက် ဘလဲကို နိုင်ငံအပေါ် သစ္စာမစောင့်သို ခဲ့သည့်အတွက် တရားစွဲဆိုရန် ဆန္ဒရှိကြသည်ဟုဆိုသည်။

## ပြုစုတင်ပြ

ဗြိတိန်နိုင်ငံကို ဝန်ကြီးချုပ်ဘလဲက အီရတ်စစ်ပွဲသို့ ခေါ်ဆောင်သွားသည့်ကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှနိုင်ငံ အဆင့်မြင့် စုံစမ်းရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ် ခဲ့ပြီး ဇူလိုင်လအတွင်းက အစီရင်ခံစာတစ်စောင် ပြုစု တင်ပြခဲ့သည်။ ထိုအစီရင်ခံစာတွင် အီရတ်စစ်ပွဲဆင်နွှဲရာ၌ ဘလဲသည် အီရတ်နိုင်ငံနှင့် ပတ်သက်၍ မှားယွင်းသော ထောက်လှမ်းရေးသတင်းများအပေါ် အလွန်အမင်းအားပြု ကာ ဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့ကြောင်းသာ အပြစ်တင် ထားပြီး ထိုကိစ္စအတွက် ဘလဲတွင် တာဝန်ရှိကြောင်း ဖော်ပြချက်မျိုး ဖော်ထုတ်တင်ပြခဲ့ခြင်းမျိုး မရှိဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ ။***

နာဂျက်ဖ်မြို့လယ်ရှိ ရုံး အဆောက်အအုံတစ်ခုအတွင်း လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်နိုင်ငံမှ တူရကီကုမ္ပဏီဝန်ထမ်းများကို ပြန်မရုပ်သိမ်းလျှင် တူရကီ ဓားစာခံနှစ်ဦးကို ၇၂နာရီအတွင်း သတ်ပစ်မည်ဟု ခြိမ်းခြောက်

**အန်ကာရာ ဩဂုတ် ၂၇**

တူရကီနိုင်ငံကုမ္ပဏီက အီရတ်နိုင်ငံမှ ၎င်း၏ ဝန်ထမ်းများကို ပြန်လည်ရုပ်သိမ်းမှုမရှိပါက ဖမ်းဆီးထားသည့် တူရကီနိုင်ငံသားနှစ်ဦးအား ၇၂နာရီအတွင်း သတ်ပစ်မည်ဖြစ်ကြောင်း အီရတ်မှ ပြန်ပေးသမားများက ခြိမ်းခြောက်နေကြောင်း အင်တီဗွီရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်ပြသသည်။

လျှပ်စစ်အင်ဂျင်နီယာများဖြစ်သည့် အဗ္ဗဒူလာအော့ဇ်ဒီနာနှင့် အလီဒတ်စကင်တို့အား လုပ်ငန်းတွင်ရှိနေစဉ် အီရတ်ပြောက်ကျားများက ပြန်ပေးဆွဲသွားခဲ့ကြခြင်းဖြစ်ကြောင်း တူရကီရုပ်မြင်သံကြားက ဖော်ပြသည်။

အဆိုပါ ရုပ်မြင်သံကြားတွင် ဓားစာခံများသည် မျက်နှာဖုံးစွပ် လက်နက်ကိုင်များရှေ့တွင် ထိုင်နေပုံနှင့် တူရကီနိုင်ငံကူးလက်မှတ်များ၏ ရုပ်ပုံကို ပြသထားသည်။

## တိုက်တွန်း

တူရကီကုမ္ပဏီများအနေဖြင့် အီရတ်နိုင်ငံအတွင်း ယနေ့မှ စတင်၍ လုပ်ငန်းမလုပ်ဆောင်ကြရန် ကြိုးပမ်းကြရန်နှင့် သို့မှသာ မိမိတို့ လွတ်မြောက်နိုင်မည်ဖြစ်၍ ကူညီကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ဓားစာခံတစ်ဦးက ပြောကြားနေပုံကို အဆိုပါရုပ်မြင်သံကြားတွင် ဖော်ပြသည်။

သို့ရာတွင် အင်တီဗွီရုပ်မြင်သံကြားက ယင်းဓားစာခံများသည် မည်သည့်ဌာနတွင် လုပ်ကိုင်ပြီး မည်သည့် အချိန်၊ မည်သည့်နေရာတွင် ဖမ်းဆီးခဲ့သည်ကို ကွဲကွဲပြားပြား ဖော်ပြခြင်းမရှိပေ။

## ရပ်ဆိုင်း

တူရကီကုမ္ပဏီအများစုသည် လုံခြုံရေးအန္တရာယ်ကြောင့် အီရတ်ရှိ ၎င်းတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ကြသည်။ နောက်ထပ် အဖမ်းခံထားရသည့် တူရကီနိုင်ငံသား ဓားစာခံရှဇ်မန်၏ သတင်းမှာလည်း ယခုထက်တိုင် မရရှိသေးပေ။ ၎င်းကလည်း ၎င်း၏ ကုမ္ပဏီအနေဖြင့် အီရတ်နိုင်ငံမှ ဝန်ထမ်းများအား ၇၂ နာရီအတွင်း ပြန်လည်ရုပ်သိမ်းခြင်း မရှိပါက ပြန်ပေးသမားများက ၎င်းအားသတ်တော့မည်ဖြစ်ကြောင်း တောင်းပန်ထားသည့်ရုပ်ပုံကို ယင်းရုပ်မြင်သံကြားတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ပြသခဲ့သည်။

***အမ်အင်အေ၊ ရိုက်တာ။***

## အီရတ်နိုင်ငံတောင်ပိုင်း ရေနံပိုက်လိုင်းတိုက်ခိုက်ခံရ

**ဘဂ္ဂဒက် ဩဂုတ် ၂၇**

အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ အထင်ကရရေနံမြေမှဘာဆာရာမြို့အနီး ရေနံချက်စက်ရုံသို့သွယ်တန်းထားသည့် ရေနံပိုက်လိုင်းများအား အဖျက်သမား များက တိုက်ခိုက်ခဲ့ကြကြောင်း ရေနံ ဌာနမှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ကြာသ ပတေးနေ့တွင် ပြောကြားလိုက်သည်။

ပြည်ပရေနံ တင်ပို့မှုပမာဏ ထိခိုက် မှုရှိ၊ မရှိ သတင်းအချက်အလက် မရရှိ သေးကြောင်း အမည်မဖော်လိုသူ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြား သည်။ အဆိုပါ ရေနံပိုက်လိုင်းသည် ရေနံစိမ်းများကို ရူမေလာရေနံမြေမှ ဇူဘိယာ ရေနံချက်စက်ရုံသို့ ပေးပို့နေ သည့် ပိုက်လိုင်းဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***

**အီရတ်နိုင်ငံ ကူဖာမြို့တွင် စိန်ပြောင်းကျည်ထိ မှန်မှုကြောင့် ဒဏ်ရာရရှိသူ တစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်ရန် ဩဂုတ် ၂၆ ရက်က ပြင်ဆင်နေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ရေနံပိုက်လိုင်း ၂၀ ခန့် တိုက်ခိုက်ဖျက်ဆီးခံရ အီရတ်ရေနံတင်ပို့ရောင်းချမှု ထက်ဝက်ခန့် ကျဆင်း

**ဘာဆာရာ ဩဂုတ် ၂၇**

အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံ ပိုက်လိုင်း ၂၀ ခန့်ကို တိုက်ခိုက် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ပြည်ပသို့ ရေနံတင်ပို့ရောင်းချရာတွင် အဓိကကျသော ရေနံမြေမှ ရေနံ ထုတ်လုပ်မှုထက်ဝက်ခန့် ကျဆင်းသွား ကြောင်း ရေနံလုပ်ငန်းဆိုင်ရာ ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့ တွင် ပြောကြားသည်။ ရေနံပိုက်လိုင်း များ အဖျက်အမှောင့် ပြုလုပ်ခံရခြင်း ကြောင့် ရေနံလုပ်ငန်းကဏ္ဍတွင် ဆုတ် ယုတ်မှုများ ဖြစ်ပေါ်ရသည်။ ရေနံ လုပ်ငန်းကဏ္ဍသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝင်ငွေ အဓိကရရှိရာ လုပ်ငန်းကဏ္ဍ ဖြစ်သည်။

ဘာဆာရာမြို့ အနောက်တောင်ဘက် မိုင် ၂၀ အကွာ ဘာဂျာစီယာမြို့တွင် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ရေနံပိုက်လိုင်း များ ဖျက်ဆီးခံခဲ့ရကြောင်း နိုင်ငံပိုင် တောင်ပိုင်း ရေနံမြေကုမ္ပဏီမှ အမည် မဖော်သော တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်တောင်ပိုင်းဒေသမှ ပြည်ပသို့ ရေနံတင်ပို့မှုသည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေနံပီပါပေါင်း ၁ဒသမ ၈၅ သန်းရှိသည်။ ဗုဒ္ဓဟူးနေ့ကဖြစ်ပွား သော ပိုက်လိုင်းများ ဖျက်ဆီးခံရမှု ကြောင့်ပြည်ပသို့ရေနံတင်ပို့မှုပီပါပေါင်း ၉၀၀၀၀၀အထိ လျော့ကျသွားမည် ဖြစ် သည်။ အီရတ်နိုင်ငံတောင်ပိုင်း ရေနံ ပိုက်လိုင်းများသည် တစ်နိုင်ငံလုံး ရေနံ တင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စား ပြုသည်။ ဘာဂျာစီယာမြို့ကို ရူမီလာ ရေနံမြေနှင့် ဆက်သွယ်သော အဆိုပါ ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းခဲ့ကြောင်း၊ သို့ရာတွင် ကြာသပတေးနေ့နှောင်းပိုင်းတွင် မီးကို ငြိမ်းသတ်နိုင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ဖျက်ဆီးခံရသော ရေနံ ပိုက်လိုင်းများကိုပြင်ဆင်နိုင်ရန် သုံးရက် ထက်မနည်း အချိန်ယူရမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

***အင်တာနက်။***

# အီရတ်များကို နှိပ်စက်ညှဉ်းပန်းသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား စစ်ဆေး

ဘာဆာရာ ဩဂုတ် ၂၇

**အီရတ်လူငယ်တစ်ဦးသေဆုံးမှုနှင့် ပတ်သက်နေသည့်အတွက် အနည်းဆုံးဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးထားကြောင်းသိရသည်ဟု ဂါဒီယန်သတင်းစာက ဆိုသည်။ သေဆုံးသူမှာ အသက် ၁၇ နှစ်အရွယ်ရှိ ဂျာဘားကာရမ်ဆိုသူ အီရတ်လူငယ်ဖြစ်သည်။ ၎င်းကို ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက ရိုက်နှက်ကြပြီးနောက် ရေနစ်၍ သေစေခဲ့ကြောင်း စွပ်စွဲချက်တွင် ဖော်ပြ ထားသည်။ စွပ်စွဲခံထားရသူများကို ဗြိတိန်တော်ဝင် စစ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခဲ့ပြီးနောက်ပိုင်း ဗြိတိသျှတပ်ဖွဲ့ဝင်များက အရပ်သူ၊ အရပ်သား အများအပြားကို သေစေခဲ့သည်သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟူသော စွဲချက်များထွက်ပေါ်လာသည်။ ညှဉ်းပန်းသတ်ဖြတ်ခံရသူများထဲတွင် အာမက်ဂျာဘားကာရမ်သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။**

အဖမ်းခံရသည့် တပ်ဖွဲ့ဝင်နှစ်ဦးကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က သတိပေးထားပြီး သေဆုံးရသည့်အကြောင်းရင်းကို စုံစမ်းမေးမြန်းခဲ့သည်။ အဆိုပါ တပ်ဖွဲ့ဝင်များ အဖမ်းခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာပြောကြားခြင်းမရှိပေ။ အဖမ်းခံရသူ တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း လွတ်မြောက်လာကာ မိခင်တပ်ရင်းသို့ ပြန်လည်စေလွှတ်ခဲ့ပြီး ဖြစ်ကြောင်း ယုံကြည်ရသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များက ယခုကိစ္စတွင် စပ်ဆိုင်နေသော လူငယ်ကို ဖမ်းဆီးခဲ့ကြပြီး ရိုက်နှက်ခဲ့ကြသည်။ အခင်းဖြစ်ပွားသောနေ့မှာ ၂၀၀၃ ခုနှစ် မေလတွင်ဖြစ်သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်လူငယ်ကို ရိုက်နှက်နှိပ်စက်ပြီးနောက် တစ်ဖက်ကမ်းရှိ ဇူဘာရီအာရ်မြို့အရောက် ရေကူးသွားရန် အမိန့်ပေးခဲ့ကြသည်။ ရိုက်နှက်ထားသော ဒဏ်ရာကြောင့် ကာရမ်မှာ ရေကောင်းစွာ မကူးနိုင်တော့ဘဲ ရေနစ်သေဆုံးခဲ့ရသည်ဟုဆိုသည်။

ဂျာဘားကာရမ်၏ ရုပ်အလောင်းကို စုံစမ်းမှုများ ပြုလုပ်ရန် စစ်ဘက်က ပြန်လည်ဖော်ယူသွားသည်ဟု ၎င်း၏ဖခင် အလီက ဂါဒီယန်သတင်းစာသို့ ပြောကြားသည်။ စစ်ဘက်က အလောင်းကိုဖော်ပြီး ယူဆောင်ခွင့်ပေးရန် မေလ ၂ ရက်နေ့တွင် တောင်းခံခဲ့ကြခြင်းဖြစ်သည်။ အီရတ်လူငယ် အနှိပ်စက်ခံရသည့် ကိစ္စအတွက် အဓိကမျက်မြင်သက်သေမှာ အာယာဒ် ဆာလမ်ဟာနွန်ဖြစ်သည်။ ၎င်းကိုလည်း ဗြိတိန်စစ်တပ်ဌာနချုပ်တွင် ည ၇ နာရီမှ နောက်တစ်ရက် နံနက် ၅ နာရီအထိ ခေါ်ဆောင်ထားခဲ့သည်ဟုဆိုသည်။

ဆာလမ်ဟာနွန်ကို မသင်္ကာဖွယ်ရာ တရားခံများပါသည်ဆိုသော ဗွီဒီယိုအခွေတစ်ခုကိုပြသခဲ့သည်။ ဆာလမ်ဟာနွန်မှာ ထိုဗီဒီယိုခွေတွင်ပါဝင်သူများထဲမှ တရားခံကို ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းမရှိပေ။ ထို့အပြင် အလီကိုလည်း စုံစမ်းစစ်ဆေးသူများက စစ်မေးခဲ့သေးသည်ဟု ဆိုသည်။ ထိုသို့ စစ်မေးသော အရာရှိများက လူသတ်မှုနှင့် ပတ်သက်နေသော တပ်ဖွဲ့ဝင်လေးဦးတို့ကို ဖမ်းဆီးထားပြီဟု ပြောကြားခဲ့ကြောင်း အလီက ပြန်လည်ပြောပြသည်။

စုံစမ်းစစ်ဆေးမှုမှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သောကြောင့် အမှုစစ်ဆေးချက် အကြောင်းအရာအသေးစိတ်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

ဖမ်းဆီးခံရသူများနှင့် ပတ်သက်၍ စစ်ရုံးချုပ်မှ တစ်စုံတစ်ရာမှတ်ချက်ပေးပြောကြားခြင်းမရှိပေ။ ထိုသို့ တစ်စုံတစ်ရာဝေဖန်ခြင်းမပြုသော လုပ်ရပ်မှာ စစ်ရုံးချုပ်၏မူပင်ဖြစ်သည်ဟု သိရသည်။ အီရတ်များက ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်များအပေါ် မဖွယ်မရာညှဉ်းပန်းသည်ဟု စွပ်စွဲထားသောအမှုပေါင်း ၃၀ ကျော်ရှိသည်။ ထိုအမှုများအနက် ယခုဖော်ပြသော အာမက်ဂျာဘားကာရမ်၏ အမှုမှာလည်း တစ်မှုအပါအဝင်ပင်ဖြစ်သည်။ ဂျာဘားကာရမ်၏ ဖခင်အလီ၏ရှေ့နေမှ ဖီးလ်ရှိုနာ ဖြစ်သည်။ ၎င်းက ဗြိတိသျှကာကွယ်ရေ ဝန်ကြီးဌာနသည် အမှုနှင့် ပတ်သက်၍ လေးလေးနက်နက် ကိုယ်တွယ်ခြင်းမရှိဟု ပြောကြားလိုက်သည်။

ယခုအမှုကိစ္စများတွင် ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနမှ ထားရှိကျင့်သုံးသောမူသည် ကိုလိုနီခေတ်အခါက လုပ်နည်းလုပ်ဟန်များကို အခြေခံခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခေတ်မမီဘဲ ဖြစ်နေပြီး ယခုခေတ် ဥပဒေစံနှုန်းများ၊ အကျင့်သီလဆိုင်ရာစံနှုန်းများနှင့် လျော်ကန်သင့်မြတ်ခြင်း မရှိကြောင်း တွေ့ရသည်ဟု ရှေ့နေဖီးလ်ရှိုနာက ဆက်လက်ပြောကြားသည်။ ယခုအခါ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မဖွယ်မရာညှဉ်းပန်းမှု၊ နှိပ်စက်မှုများကြောင့် အီရတ်များ ထိခိုက်နစ်နာနေရသည်။ ညှဉ်းပန်းမှုကြောင့် သေဆုံးရသည်ဟု တင်ပြထားသော အမှုပေါင်း ၇၅ မှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းသိရသည်။ ***အင်တာနက်။***

## ကင်းလှည့်စောင့်ကြပ်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရီပတ်ဘလီကန်အမတ်များ၏ ညီလာခံမစတင်မီ ဆန္ဒပြမှုများနှင့် ဖမ်းဆီးမှုများ နယူးယောက်မြို့တွင်ဖြစ်ပွား

နယူးယောက် ဩဂုတ် ၂၇

ရီပတ်ဘလီကန်အမတ်များ၏ ညီလာခံစတင်မကျင်းပမီရက်များအတွင်း ဆန္ဒပြမှုများနှင့် ဖမ်းဆီးမှု များ နယူးယောက်မြို့တွင် ကြာသပတေးနေ့မှစတင်ဖြစ်ပွားနေပြီဖြစ်သည်။ ယင်းညီလာခံတွင် အမေရိကန်သမ္မတ ဂျော့၊ ဂျီ၊ ဘုရှ် သမ္မတအဖြစ် ပြန်လည်အရွေးခံရေးအတွက် ရွေးချယ်လျာထားမည်ဖြစ်သည်။

အိဒ်စ်ရောဂါနှင့်ပတ်သက်၍ လှုံ့ဆော်စည်းရုံးသူ တစ်ဒါဇင်ခန့်က သမ္မတဘုရှ်အား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အိဒ်စ်ရောဂါတိုက်ဖျက်လှုပ်ရှားမှုပြုနေရာတွင် ကူညီပံ့ပိုးရန် တောင်းဆိုရင်း ကိုယ်ဗလာကျင်းကာ နယူးယောက်မြို့တော် မက်ဒီဆင်ပန်းခြံ အပြင်ဘက်တွင် ခရီးသွားလာမှုကို ရပ်ဆိုင်းစေခဲ့သည်။ ၎င်းတို့အား သက်ဆိုင်ရာက လက်ထိပ်ခတ်ခေါ်ဆောင်သွားခဲ့သည်။ ဆန္ဒပြသူလူနှစ်ဦးက ဧရာမနဖူးစီးစာတန်းကြီးအား ကိုင်ဆောင်ကာ ပလာဇာဟိုတယ်မှ ကြိုးဖြင့်ဆင်းလာသည်။ ယင်းနဖူးစီးစာတန်းတွင် ဆန့်ကျင်ဖီလာဖြစ်နေသည့် မြားနှစ်စင်းကို ဖော်ပြထားပြီး မြားတစ်စင်းက ‘သစ္စာတရား’ဘက် ဦးတည်ဖော်ပြနေပြီး အခြားမြားတစ်စင်းက ‘ဘုရှ်’ဘက် ဦးတည်ဖော်ပြထားကာ ဆန့်ကျင်ဘက် အနေအထားတွင် ရှိနေသည်။ ယင်းလူနှစ်ဦးအား ရဲတပ်ဖွဲ့က ခေါ်ဆောင်သွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**နာဂျက်ဖ်မြို့လယ်ရှိ ကင်းစခန်းတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဗြိတိန်ကျောင်းများတွင် ကလေးအချင်းချင်း အနိုင်ကျင့်မှု ပြဿနာကြီးထွား

**လန်ဒန် ဩဂုတ် ၂၆**

ဗြိတိန်နိုင်ငံ၌ ကလေးများပြဿနာကြုံရသောအခါ အကူအညီပေးရန် စေတနာ့ဝန်ထမ်း ဖွဲ့စည်းထားသော ချိုင်းလိုင်းခေါ် အကူအညီပေးရေးအဖွဲ့ရှိသည်။ ကလေးများသည် အခက်အခဲတွေ့ရသောအခါ ထိုအဖွဲ့ကို ဆက်သွယ်ပြီး အကူအညီတောင်းလေ့ရှိသည်။ ယခုနှစ်တွင် ထိုအဖွဲ့သို့ ဆက်သွယ်ပြီး အကူအညီတောင်းသော အကြိမ်အရေအတွက်မှာ ယခင်အခါများကထက် တိုး၍လာကြောင်း တွေ့ရသည်။

ကလေးများကို ချိုင်းလိုင်းသို့ ဆက်သွယ်အကူအညီတောင်းသော အရေအတွက်မှာ ယခင်နှစ်ကထက် ၄၂ ရာခိုင်နှုန်းတိုးလာသည်။ ထိုအဖွဲ့စတင်ဖွဲ့စည်းခဲ့သည့် ၁၈ နှစ်ကာလအတွင်း ကလေးများက အကူအညီတောင်းသည့် အကြိမ်အရေအတွက်သည် တစ်ခါဖူးမျှ ယခုလောက်များပြားသည်ကို မကြုံခဲ့ရဟုဆိုသည်။ ကလေးများမှာ အနိုင်ကျင့်ခံရ၍ အကူအညီတောင်းကြခြင်းဖြစ်၏။

### တိုးလာ

၂၀၀၄ ခုနှစ်တွင် ကလေးများနှင့် လူငယ်များက ကြီးနိုင်ငယ်ညှဉ်း လုပ်သည်ကိုခံရ၍ အကူအညီပေးပါရန် ဆက်သွယ်တောင်းခံလာသည့် အကြိမ်ပေါင်း ၃၁၀၀၀အထိ ရှိကြောင်းသိရသည်။ ယခင်နှစ်က အကူအညီတောင်းခံသော အကြိမ်ပေါင်းမှာ ၂၂၀၀၀ သာရှိခဲ့သည်။

### ပိုမိုသိရှိလာ

ယခုနှစ်တွင် ကလေးများနှင့် လူငယ်များထံမှ အကူအညီပေးပါရန် တောင်းခံလာသည့် အကြိမ်အရေအတွက် တိုးလာရခြင်းမှာ အကြောင်းအချက် နှစ်ရပ်ကြောင့် ဖြစ်နိုင်ကြောင်း ချိုင်းလိုင်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထိုအချက်နှစ်ချက်မှာ ချိုင်းလိုင်း အကူအညီပေးရေး အဖွဲ့ရှိနေသည်ကို လူအများက ပိုမိုသိရှိလာခြင်းနှင့် ကလေးများက အနိုင်ကျင့်ခံနေရသည်ကို သည်းမခံနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဆိုသည်။

ချိုင်းလိုင်းအဖွဲ့ကို အကူအညီတောင်းသော ကလေးများအနက် လေးပုံတစ်ပုံတို့မှာ သက်ဆိုင်ရာ ဆရာ၊ ဆရာမများကို အနိုင်ကျင့်ခံရသည့် အကျိုးအကြောင်း တိုင်ကြားခဲ့ကြပြီးဖြစ်သည်။ သို့တိုင်အောင် အကူအညီထပ်မံလိုနေသေးသည်ဟု ခံစားရသဖြင့် ချိုင်းလိုင်းအဖွဲ့သို့ ဆက်သွယ်ပြီး အကူအညီတောင်းခံကြခြင်း ဖြစ်သည်။ ထိုအချက်က ကလေးများအနေဖြင့် ဆရာ၊ ဆရာမများကို တိုင်ကြားလျှင် လုံလောက်သော အရေးယူမှုမျိုးကို မရရှိဘဲ တိုင်ကြားသည့်အတွက် ပို၍ပြင်းထန်သော အနိုင်ကျင့်မှုမျိုးနှင့်ပင် ကြုံကြရသည်ဟုဆိုသည့် အနေအထားကို ဖော်ပြနေသည်။ မကြာမီက ပြုလုပ်ခဲ့သော သုတေသနပြုချက်အရလည်း ထိုအချက်ကို ဖော်ထုတ်သိရှိရပြီး ဖြစ်သည်။

### ဗိုလ်ကျ

အနိုင်ကျင့် ခံရသည့်အတွက် ချိုင်းလိုင်းသို့ အကူအညီတောင်းလာသော ၁၁ နှစ်အရွယ် ယောကျ်ားကလေးတစ်ဦးက ကျွန်တော်ဘယ်သွားသွား ဗိုလ်ကျမည့်သူများကို ရှောင်၍ မလွတ်နိုင်သကဲ့သို့ ခံစားရပါသည်၊ အဝတ်အစားလဲခန်းမှာ ပုန်းနေလျှင်ပင် ၎င်းတို့ရောက်လာကြသည်နှင့် ကြုံရပါသည်ဟု ထိုကလေးက သူ၏အဖြစ်ကို ပြောပြရှာသည်။

အနိုင်ကျင့်ခံရသော ကလေးထက်ဝက်လောက်မှာ မခံမရပ်နိုင်လောက်အောင် နှင့်ဘဲခဆပြောဆိုခံရခြင်း၊ မဖွယ်မရာပြောဆိုခံရခြင်း၊ အထိုးအကြိတ် အကန်အကြောက် အတွန်းအထိုးခံရခြင်းနှင့် ပြင်းထန်စွာ နာကျင်စေရန် တိုက်ခိုက်ခံရခြင်းများနှင့်ပင် ကြုံတွေ့ကြရသည်ဟု ဆိုသည်။

### ခြိမ်းခြောက်

ထို့အပြင် အနိုင်ကျင့်သူများမှာ ကလေးများထံ စာဖြင့်ရေးသား ခြိမ်းခြောက်ခြင်း၊ အီးလ်မေးပို့စာမှ တစ်ဆင့် ကြမ်းတမ်းစွာရေးသား ခြိမ်းခြောက်ခြင်း နည်းလမ်းများကိုပါ သုံးစွဲကြကြောင်း သိရသည်။

### ဆိုးကျိုးသက်ရောက်

အနိုင်ကျင့်သည့်ကိစ္စမှာ ကလေးများ၏ ဘဝကိုပါထိခိုက်စေနိုင်သော ကိစ္စဖြစ်သည်။ ပညာသင်ကြားလိုမှုနှင့် ကျောင်းနေပျော်မှု အခြေအနေများကို ထိခိုက်ကာ ပညာသင်ကြားနိုင်စွမ်းကိုပါ ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟု ချိုင်းလိုင်းမှ ဥက္ကဋ္ဌဖြစ်သူ အမျိုးသမီး အက်စတာရန်ဇန်ကပြောကြားသည်။

### ကျန်သေး

မကြာမီနှစ်များအတွင်းက ကျောင်းအများအပြားသည် ကျောင်းတွင်း၌ ကလေးများအချင်းချင်း အနိုင်ကျင့်သည့်ပြဿနာရှိနေကြောင်းကို လက်ခံအသိအမှတ်ပြုခဲ့ကြသည်။ ထို့အပြင် ၎င်းပြဿနာကို ကုစားရန်လည်း ကြိုးစားအားထုတ်ခဲ့ကြသည်။ သို့တိုင်အောင် ပြဿနာကို ကိုင်တွယ်ဖြေရှင်းစရာ၊ လုပ်ဆောင်စရာ အများအပြား ကျန်ရှိနေဆဲဖြစ်ကြောင်း အက်စတာရန်ဇန်ကဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကျန်းမာသည့် လူငယ်

**ဒေါက်တာခင်မောင်လွင်**

ဒီတစ်ခေါက် အစည်းအဝေးခန်းထဲအဝင်မှာ အမြင်ဆန်းနေတာ သတိထားမိတယ်။ မိုးပြာရောင် တူညီဝတ်စုံ ဂျက်ကက်အင်္ကျီလေးတွေနဲ့ လူငယ်တွေ ခန်းလုံးပြည့်ပါ။ " လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ" နည်းပြ သင်တန်းသားတွေပါ။ စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှုတွေဟာ သူတို့ မျက်နှာမှာ အထင်းသား ပေါ်လွင်ထင်ရှားနေတယ်။ လူငယ်တစ်ယောက်ရဲ့ဘဝမှာ သိမှတ်စရာတွေ အတော်များရတဲ့အထဲ ကျန်းမာရေးအကြောင်း မှတ်သားစရာတွေ၊ လုပ်ကိုင်စရာတွေ လေ့လာသင်ကြားနည်းယူပြီး မိမိတို့ရပ်ရွာ လူငယ်ထုအတွင်း သတင်းဖြန့်ကာ ပညာပေးကြဖို့ သူတို့ ပခုံးပြောင်းတာဝန်ယူမှာ ဖြစ်ပါတယ်။

သင်တန်းဖွင့် အမှာစကားကိုတော့ အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ဒေါက်တာကြည်စိုးကပြောခဲ့ပါတယ်။ "ဒီသင်တန်းဟာ တိုင်းပြည်တစ်ပြည်လုံးမှာရှိတဲ့ လူငယ်တွေထံ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်မှုဘဝဟန်တွေ ကျယ်ပြန့်စွာ ဖြန့်ချိရောက်ရှိစေမယ့် နိဒါန်းဖြစ်ကြောင်း၊ မြို့နယ်တွေကို တစ်သုတ်ပြီးတစ်သုတ် ရွေးချယ်ပြီး လူငယ်သင်တန်းဆရာတွေ လေ့ကျင့်ပျိုးထောင်ပေးရင်း သက်ဆိုင်ရာ မြို့နယ်တွေမှာ ဆင့်ပွားသင်တန်းတွေပေးကြ၊ စည်းရုံးပညာပေးကြရမှာဖြစ်ကြောင်း၊ ဒီလို လုပ်ငန်းစဉ်တွင် ပြီးဆုံးတဲ့အခါမှာ လူငယ်ပေါင်း တစ်သိန်းကျော်ကို လေ့ကျင့်ပညာပေးနိုင်မှာ ဖြစ်ကြောင်း၊ လူငယ်ပီပီ အပေါင်းအသင်း လူငယ်များကြားမှာ ဆီလျော်သင့်တော်တဲ့ ကျန်းမာရေးအတတ်ပညာတွေ ပြန့်ပွားပေးနေကြမှာဖြစ်လို့ အမျိုးသားကျန်းမာရေးကော်မတီရဲ့ သားသမီးတွေအဖြစ်နဲ့ အမျိုးသားကျန်းမာရေး စီမံကိန်းကြီးမှာ တစ်ခန်းတစ်ကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ကြောင်း၊ ဒီလူငယ်တွေရဲ့ ကြိုးစားမှုကြောင့် လူငယ်ထုအတွက်သာမက မိဘပြည်သူတွေအတွက်ပါ တန်ဖိုးရှိတဲ့ ကျန်းမာရေးရလဒ်တွေ ရရှိလာမှာဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

မျိုးဆက်ပွား ကျန်းမာရေးပညာ၊ လုံခြုံစိတ်ချ မိခင်ဘဝ အစရှိတဲ့ ဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာတွေဟာ လူငယ်ဘဝမှာကတည်းက သိထားသင့်တဲ့ အကြောင်းအရာတွေပါ။ လူသားတစ်ယောက်အနေနဲ့ ကျွမ်းကျင်စွာ နားလည်သင့်တဲ့ဘဝ နေထိုင်နည်းပညာတွေဟာ မဖြစ်မနေ တတ်သင့်တဲ့ ပညာရပ်ပါပဲ။ ရုပ်၊နာမ်၊ခန္ဓာမြဲနေသရွေ့ သိသင့်၊ ဆင်ခြင်သင့်၊ ပြောဆိုသင့်၊ ပြုမူသင့်တဲ့ အလုပ်တွေရှိသလို၊ ကံသုံးပါးနဲ့ ရှောင်ရှားသင့်တဲ့ အလုပ်တွေလဲ ရှိနေပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးဟာ " အလုပ်" တွေပဲ ဖြစ်လို့ ဖတ်သိမှတ်သိနဲ့ မပြီးဘဲ ဆင်ခြင်သိ၊ ပညာသိ၊ ကိုယ်တွေ့သိနဲ့ သိပြီးမှ ဘဝမှာ မျှတစွာရပ်တည် ဖြေရှင်းရတာဖြစ်ပါတယ်။ ဒါကြောင့်လဲ ကျောင်းသင်ခန်းစာ၊ သိပ္ပံပညာတွေနဲ့တွဲပြီး ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို မူလတန်းကတည်းကစလို့ ပြဋ္ဌာန်းသင်ကြားနေတာကို တွေ့နိုင်ပါတယ်။ ဒီအခွင့်အရေးကို မရခဲ့တဲ့လူငယ်တွေအတွက် သင်ကြားလေ့လာနိုင်တဲ့ အခွင့်အရေးကို ကျန်းမာရေးစီမံကိန်းဦးစီးဌာနက စီစဉ်ပေးရခြင်းပါ။

လူငယ်ထုအား ယင်းတို့၏ ဘဝတစ်သက်တာကျွမ်းကျင်မှု ဗဟုသုတနှင့် အတတ်ပညာများဖြစ်သော ဆက်ဆံရေး၊ တွေးခေါ်မြော်မြင်ရေး၊ ဆုံးဖြတ်ချက်ချမှတ်တတ်ရေးနှင့် ရွယ်တူအပေါင်းအဖော်များ၏ ဆွဲဆောင်မှုကို မှန်ကန်စွာ တုံ့ပြန်တတ်ရေး စသည့်ပညာရပ် ဗဟုသုတများကိုလည်း လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်ပေးသင့်လှပေသည်" လို့ လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ သင်တန်းသားမှတ်စုစာအုပ် ဥယျောဇဉ်မှာ ဖော်ပြထားတာကိုလည်း မှတ်သားရပါတယ်။ ဒီအကြောင်းအရာတွေဟာ မြန်မာ့အလင်းသတင်းစာမှာပါတဲ့ ခွန်ညီစံရဲ့"နှလုံးသားကို ပညာသင်ကြားခြင်း" ဆောင်းပါးနဲ့လဲ ဆက်စပ်နေပါတယ်။ အဲဒီဆောင်းပါးမှာတော့ ဂျပန်နိုင်ငံက မူလတန်းကြိုကျောင်းမှာ စပြီးသင်ပေးနေတဲ့ နှလုံးသားပညာသင်ကြားရေး ဆိုတဲ့အကြောင်းအရာဟာ "ကလေးတွေရဲ့ နှလုံးသားလေးတွေ လှပအောင် ပြုစုပျိုးထောင်ပေးလိုက်ခြင်းပဲဖြစ်တယ်"လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ သင်တန်းရဲ့ ရည်မှန်းချက်ကတော့ လူငယ်တွေရဲ့ နှလုံးသားကို လှပစေရုံသာမက ကိုယ်ခံအားကောင်းအောင်၊ ခွန်အားကောင်းအောင် သင်ကြားပေးနေခြင်းပဲ ဖြစ်ပါတယ်။

သိပ္ပံခေတ်ကြီးဟာ အလွန် လျင်မြန်စွာ တိုးတက်နေပါတယ်။ နည်းပညာတွေဟာလည်း လိုက်လို့မမီအောင် တိုးတက်နေပါတယ်။ မွေးကတည်းက သင်နေရတဲ့ အတတ်ပညာတွေဟာ ဦးနှောက်ထဲကို စုပြုံရောက်ရှိနေတာဟာ အိပ်ချိန်ကလွဲရင် စက္ကန့်မလပ်ပါပဲ။ ဒါပေမယ့် ခံစားတတ်တဲ့ လူသားရဲ့နှလုံးသားကို မေ့နေကြပါတယ်။ မခံစားတတ်တဲ့လူတွေရဲ့ လက်ထဲက နည်းပညာတွေဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုဖြစ်စေတယ်ဆိုတာ ကမ္ဘာပေါ်မှာ ပိုလို့ထင်ရှားလာနေပါတယ်။ ကြမ်းတမ်းခက်ထန်တဲ့ နှလုံးသားပိုင်ရှင်တွေ၊ တစ်ယူသန်ပညာရှင်တွေကြောင့် ကမ္ဘာကြီးပျက်စီးသွားနိုင်တဲ့အတွက် "နှလုံးသားပညာရေး"ကို အလေးပေးလာကြခြင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်ဘဝမှာ ဆင်ခြင်တုံတရားနဲ့ ဝေဖန်ပိုင်းခြား ပြုမူတတ်ဖို့ ဆိုတာဟာ အမြန်ဆုံးအထူးပြုသင်ကြားသင့်တဲ့ ပညာရပ်တစ်ခုပဲဖြစ်ပါတယ်။ မွေးကတည်းက အလိုလိုတတ်မလာတဲ့အတွက် တစ်ခါတလေ အမှားပြုပြီးမှ အမှန်ရပါတယ်။ HIV/AIDS ရောဂါခေတ်မှာတော့ တစ်ကြိမ်တစ်ခါ မှားတာနဲ့ဘဝတစ်ခုလုံးကို ပျက်စေနိုင်တယ်ဆိုတာကို လူငယ်တွေ အနေနဲ့ ပိုပြီး သတိရှိကြမှဖြစ်ပါလိမ့်မယ်။

"မေမေဟာ ကျွန်မကိုယ်တိုင်နဲ့ မောင်နှမတွေရဲ့ ခိုင်မာတဲ့ စိတ်ဓာတ်တွေ၊ ယဉ်ကျေးသိမ်မွေ့မှုတွေကို ကိုယ်တိုင်တည်ဆောက်ပေးတဲ့ ဗိသုကာပါပဲ၊ မိသားစုကို မေတ္တာတရား၊ သစ္စာတရား တည်းဟူသော ဘိလပ်မြေနဲ့ ခိုင်မာအောင် သရွတ်ကိုင်ခဲ့တယ်။ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ယုံကြည်ခိုင်မာတဲ့ စိတ်ဓာတ်တွေကိုလည်း ကျွန်မရဲ့ခန္ဓာကိုယ်ထဲကို တူနဲ့ရိုက်သလိုရိုက်သွင်းပေးခဲ့တယ်"လို့ မာဂျော်ရီကိုနီ

**သိပ္ပံခေတ်ကြီးဟာ အလွန်လျင်မြန်စွာ တိုးတက်နေပါတယ်။ နည်းပညာတွေဟာလည်း လိုက်လို့မမီအောင် တိုးတက်နေပါတယ်။ မွေးကတည်းက သင်နေရတဲ့ အတတ်ပညာတွေဟာ ဦးနှောက်ထဲကို စုပြုံရောက်ရှိနေတာဟာ အိပ်ချိန်ကလွဲရင် စက္ကန့်မလပ်ပါပဲ။ ဒါပေမယ့် ခံစားတတ်တဲ့ လူသားရဲ့ နှလုံးသားကို မေ့နေကြပါတယ်။ မခံစားတတ်တဲ့လူတွေရဲ့ လက်ထဲက နည်းပညာတွေဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေတယ်ဆိုတာ ကမ္ဘာပေါ်မှာ ပိုလို့ထင်ရှားလာနေပါတယ်။ ကြမ်းတမ်းခက်ထန်တဲ့ နှလုံးသားပိုင်ရှင်တွေ၊ တစ်ယူသန်ပညာရှင်တွေကြောင့် ကမ္ဘာကြီးပျက်စီးသွားနိုင်တဲ့အတွက် "နှလုံးသားပညာရေး"ကို အလေးပေးလာကြခြင်းပဲ ဖြစ်ပါတယ်။**

ဆိုသူက မှတ်ချက်ချခဲ့ကြောင်း "ပွားများရမည့် မေတ္တာတရား" စာအုပ်မှာ ဆရာချစ်စံဝင်း ကိုးကားရေးသားထားတာကိုလည်း ထင်ဟပ်တင်ပြချင်ပါတယ်။ လူငယ်တို့အတွက် ဒီလိုမိခင်မျိုးလိုတယ်။ လူငယ်တို့ကိုယ်တိုင်လည်း ဒီလိုမိဘမျိုး ဖြစ်အောင် ကြိုးစားရမယ်။ ဒါမှသာ ကန်တော့ခံထိုက်တဲ့ လက်ဦးဆရာ ဖြစ်နိုင်ပါလိမ့်မယ်။

ခုခေတ် လူငယ်သင်တန်းများမှာ ခေတ်စားလာတဲ့ ခေါင်းစဉ်ကတော့ "တည်ငြိမ်ခိုင်မာစွာပြုမူနေထိုင်မှု" Assertivencess ပဲဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆောင်ပုဒ်တစ်ခုဖြစ်တဲ့ "Say No to Drugs" "မူးယစ်ဆေးဝါးဆိုရင် ငြင်းလိုက်ပါ"ဆိုတာ ဒီသဘောပါပဲ။ ဒါပေမယ့် ပါးစပ်က ပြောရတာ လွယ်သလောက် တကယ်ငြင်းရခက်လို့ ဆေးစွဲသူတွေ များနေတာပါ။ လူငယ်တွေရဲ့ ဘဝအမှားတွေထဲမှာ ငြင်းရမှာအားနာတာဟာ အဆိုးဆုံးအကြောင်းအရာတစ်ခုပါ။ မလုပ်သင့်မှန်းသိတာကတခြား၊ လုပ်မိသွားတာကတခြား ဖြစ်သွားတတ်တဲ့အတွက် အမှားရောက်အောင် ဆွဲဆောင်မှု၊ တွန်းပို့မှုတွေကို ဘယ်လိုလိမ္မာပါးနပ်စွာ ရှောင်ရှားကြမှာလဲဆိုတဲ့ ပညာရပ်ဟာ အရေးကြီးတဲ့ ပညာရပ်တစ်ခုဖြစ်လို့ ငယ်ငယ်ကတည်းက၊ မူလတန်းအရွယ်ကတည်းက သင်ကြားနိုင်လေ အကျိုးရှိလေပဲဖြစ်ပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ကမ္ဘာကြီးဟာ ရွာတစ်ရွာလို ကျုံ့သွားတာ အားလုံးအသိပါ။ မိမိတို့ရဲ့အိမ်ကို မိတ်ကောင်းဆွေကောင်းတွေအတွက် တံခါးဖွင့်ထားဖို့လိုသလို အားမနာတတ်တဲ့ ဧည့်သည်တွေကိုလည်း သတိထားတတ်ရပါမယ်။ HIV/AIDS ရောဂါကတော့ အားမနာတတ်တဲ့ ဧည့်သည်ဆိုးအဖြစ်နဲ့ ကမ္ဘာရွာရဲ့ အိမ်တိုင်းကိုလိုက်ပြီး တံခါးခေါက်ကာ ဝင်ရောက်နေပါပြီ။ ကိုယ်ကအားနာတတ်ရင် အားပါသွားလိမ့်မယ်။ "ချစ်ခြင်း"ဆိုတဲ့ စက္ကူလှလှနဲ့ ထုပ်ထားတဲ့အထဲမှာ "မေတ္တာ"လား"တဏှာ"လား ခွဲခြားရွေးချယ်တတ်ဖို့ လိုပါတတ်။ မေတ္တာလိုလို၊ အချစ်လိုလိုနဲ့ နောက်ဆုံးမှာ လိင်ဆက်ဆံမှုနဲ့ နိဂုံးချုပ်သွားခဲ့ရင် ဒုက္ခတွေတစ်ပုံတပင်ကြားမှာ ခုခံအားပါကျဆုံး နစ်မွန်းသွားပါလိမ့်မယ်။ ပျိုရွယ်ဘဝရောက်လာပြီဆိုရင် သတိခိုင်ခိုင်၊ စိတ်ခိုင်ခိုင်ထားနိုင်မှ တော်ကာကျပါမယ်။ လောကမှာ မာယာအပြည့်နဲ့ ဘဝပျက်စရာအကြောင်းတွေ ရှိနေတာမို့ လူငယ်တွေမှာ ခွန်အားရှိမှ ရှောင်ရှားနိုင်ပါလိမ့်မယ်။ အဲဒီခွန်အားဟာ လူထက် စိတ်မှာ ရှိနေဖို့လိုပါတယ်။

"ရန်သူ ရောဂါပိုးကို ဝေးဝေးမှာ ရှာစရာမလိုပါ။ သင့်လက်သည်းအောက်မှာပဲ ရှိပါတယ်"ဆိုတဲ့ ပညာပေးဆောင်ပုဒ်တစ်ခုကို ဥပမာပြုလိုပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သာမန်အားဖြင့် ကျန်းမာရေးရန်သူဖြစ်တဲ့ ရောဂါပိုးဟာ ဝေးဝေးကနေ လာနေတယ်လို့ပဲ ထင်တတ်ကြတယ်။ လက်ပေါ်မှာရှိနေနိုင်တဲ့ ရောဂါပိုးတွေကို သတိမပြုမိတတ်ကြတာများပါတယ်။ လက်ဆေးရင် ကျန်းမာမယ်၊ သန့်ရှင်းမယ်၊ ရောဂါကင်းမယ်ဆိုတာ ကလေးကအစ သိပါတယ်။ လက်ဆေးခြင်းဟာ နည်းပညာတစ်ခုပဲ။ ကျွမ်းကျင်ဖို့ သင်လို့လွယ်တယ်။ ဆပ်ပြာနဲ့ ရေသန့်ရှိမှ လက်ဆေးလို့ ရတယ်ဆိုတာလဲသိရမယ်။ စီစဉ်ရမယ်။ သိနေ၊ ပြည့်စုံနေသည့်တိုင်"သတိ"မရှိရင် "သိလျက်နှင့် ဝိပါက်ကြွမ္မာငင်"တတ်ပါတယ်။ မနှစ်က SARS "ကူးစက်မြန်ပြင်းထန် အဆုတ်ရောဂါ" ကမ္ဘာ့နိုင်ငံအချို့မှာဖြစ်ခဲ့တယ်။ သုတေသနအရ လက်ကနေ ရောဂါပိုးတစ်ဆင့်ကူးခံရလို့ အသက်ဆုံးရတဲ့လူတွေထဲမှာ ဆရာဝန်၊ ဆရာမတွေပါ တွေ့ခဲ့ရတယ်။ ဒီနှစ်မှာဖြစ်တဲ့ ကြက်တုပ်ကွေးရောဂါ ဆိုရင်လည်း ကာကွယ်ဖို့ လွယ်မယောင်နဲ့ခက်ပြီး တစ်ကိုယ်ရေသန့်ရှင်းဖို့၊ ပတ်ဝန်းကျင်သန့်ရှင်းဖို့၊ အစားအစာ သန့်ရှင်းဖို့၊ ရေညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ဖို့ လိုနေတာတွေ့ရတယ်။

သိဖို့လိုနေတဲ့ အကြောင်းအရာတွေ အများကြီးထဲမှာ ကျန်းမာရေးပညာဟာ အရေးကြီးပြီး အသက်ရှည်ဖို့၊ အနာမဲ့ဖို့ အခြေခံကျပါတယ်။ မသိသေးတဲ့၊ မသိနိုင်တဲ့ အသစ်အသစ်သော အကြောင်းအရာတွေလည်း အမြဲပဲပေါ်ပေါက်နေတာမို့ သိထားပြီးသားတွေဟာလည်း မလုံလောက်တဲ့ သဘောမှာရှိပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ ငယ်ပါသေးလို့ နားမလည်ဆိုတာမျိုးမဖြစ်ရအောင် ကြိုးစားသင်ကြားထားရမှာ ဖြစ်ပါတယ်။ သင်ကြားလေ့လာနိုင်မယ့် အခွင့်အလမ်းတွေကို စီစဉ်ဖန်တီးပေးဖို့ ကျွန်တော်တို့ရဲ့တာဝန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျန်းမာရေးဝန်ထမ်းတွေဟာ နေရာတိုင်းမှာ လူအုပ်စုတိုင်းအတွက် အဆင်သင့်ရောက်ရှိ ပညာပေးနိုင်ဖို့ မလွယ်ပါဘူး။ အထူးသဖြင့် လူငယ်ထုအတွင်း ရင်းရင်းနှီးနှီးနဲ့ အချိန်မပေးနိုင်တဲ့အတွက် လူငယ်တွေအချင်းချင်း ပညာပေးလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်ကြမှသာ အနာဂတ်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု ပြုနိုင်မှာဖြစ်ပါတယ်။

အရေးအကြီးဆုံး အချက်ကတော့ "အသိ"ရှိရုံနဲ့ မပြီးဘူး။ "သတိ"နဲ့ ပြုမူဖို့လိုအပ်တယ်။ ကျန်းမာရေးအန္တရာယ်တွေမဖြစ်အောင် တည်ငြိမ်ခိုင်မာစွာ ပြုမူနေထိုင် ကာကွယ်နိုင်စွမ်းရှိတဲ့ လူငယ်တွေလိုအပ်တယ်။ ဒီလိုအရည်အချင်းရှိတဲ့ လူငယ်တွေနဲ့ အမျိုးသားကျန်းမာရေးလုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်နိုင်မှာ အမှန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## အောင်ဓမ္မာရုံ
## မိုးကုတ်ဝိပဿနာတရားပွဲ

**ရန်ကုန် ဩဂုတ် ၂၈**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ တပည့်ဓမ္မကထိက သာသနာ့ဟိတရေးအဖွဲ့ဆိုင်ဆုရ ဆရာကြီး ဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းအထက်ဘလောက် အောင် ဓမ္မာရုံကြီးတွင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးမြတ်တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များတွင်တစ်ပတ်လျှင်နှစ်ရက် ည ၇ နာရီမှ ည ၉ နာရီအတွင်း ဟောကြားပြသလျက်ရှိပြီး မည်သူမဆို အောင်ဓမ္မာရုံတွင် တရားဒေသနာ နာကြားနိုင်ကြောင်း သိရသည်။ **(က–ပ)**

**လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ပန်းခုံများ လှပစေရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှုကို ဩဂုတ် ၁၇ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉–၈–၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ **ဆရာတော်ဦးဃောသိတတရားတော် "သုညတဆိုက်အောင်ရှုပါ"** |
| ၉:၁၀ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၄:၃၀ | ၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Management Science Detision Making (စီးပွားစီမံ)** |
| ၅:၀၀ | ၆။ အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၈။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၉။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၁။ မြန်မာ့ရှုခင်း |
| ၆:၄၀ | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း–၅)** |
| ၈:၀၀ | ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၁၈။ ယနေ့ညအတွက်တေးလက်ဆောင် |
| | ၁၉။ **English Premier League** ဘောလုံးပွဲ **-Bolton Vs Liverpool** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

# ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန်ဆုပေးပွဲများ တက်ရောက်

ရန်ကုန် ဩဂုတ် ၂၈

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင် အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရာညွန့်ခန်းမဆောင်၌ကျင်းပသည့် နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ဆက်လက်၍ ဝဲလောင်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသာထူးက ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

## ဆုများချီးမြှင့်

ယင်းနောက်ဝန်ကြီးဦးအောင်သောင်းက ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပြသခဲ့ကြသော ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ၂၀၀၃-၂၀၀၄ခုပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူး ရရှိကြသော မောင်ကျော်ဇင်သိန်းနှင့် မောင်ချမ်းမင်းကိုကိုတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက နှစ်ဘာသာဂုဏ်ထူးရရှိကြသော မောင်ဇော်မင်းထွန်း၊ မောင်ဟန်လင်းမောင်၊မောင်သန့်ဇင်ဝင်းနှင့်မောင်အောင်ဇင်ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်သည်။

## ဂုဏ်ပြုဆုများ ပေးအပ်

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြန်မာ့ စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်နှင့် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်တို့က တစ်ဘာသာဂုဏ်ထူး ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူ အသီးသီးက ဆုများ ပေးအပ်ကြသည်။

ဝန်ကြီးသည် ညနေ ၃နာရီတွင် တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ် အခြေခံပညာ အထက်တန်းကျောင်း ဦးအာလောကခန်းမဆောင်၌ ကျင်းပသည့် အဋ္ဌမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့တက်ရောက်ပြီး ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရရှိသူ မနှင်းလဲ့ညိုအားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိကြသော မောင်ထွန်းလှဖြူ၊ မမြမြမိုး၊ မောင်သူရိန်ထွန်းနှင့် မအေးဇာမိုးတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးကြသော ဆရာ၊ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ဝန်ကြီးသည် ညနေ ၄နာရီတွင် ဝဲလောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

## ပန္နက်တင်

ထို့မှတစ်ဆင့်ဝန်ကြီးသည်တောင်သာမြို့နယ် ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ခန်းမဆောင် တည်ဆောက်ရန်အတွက် ပန္နက်တင်ပေးသည်။

ထို့နောက်ဝန်ကြီးသည် ဆီမီးကန် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ရုံးတော အခြေခံပညာ အထက်တန်းကျောင်းတို့၏ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၃-၂၀၀၄ ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်ကြသူ မောင်စိုင်းကိုကိုနှင့် မောင်ကျင်အောင်ဝေတို့အား ဂုဏ်ပြုဆုများပေးအပ်သည်။

## ဆုများပေးအပ်

ဆက်လက်၍ ဝန်ကြီး၏ ဇနီးက ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးကြသော ဆရာ၊ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ခုပညာသင်နှစ် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးက ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမဆောင်တည်ဆောက်ရန် ငွေကျပ် ၁၀သိန်းပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေ ၆နာရီတွင် ကျောက္ကာ ကျေးရွာ မဟာဗောဓိကျောင်းဝင်း အတွင်း၌ တောင်သာမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။ (သတင်းစဉ်)

# (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းပညာရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်သူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

**ရန်ကုန် ဩဂုတ် ၂၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ရန်ကုန်မြို့၌ ကျင်းပသော (၆)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သူများအား ယမန်နေ့ညနေ ၆နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

## တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊အထူးဖိတ်ကြားထားသူများ၊ အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်း အမှုဆောင် ဒါရိုက်တာ Prof. Dr. Supachai Yavaproabhas နှင့် ဆွေးနွေးပွဲ တက်ရောက်ကြသည့် အာဆီယံ တက္ကသိုလ်များအဖွဲ့အစည်း ဝင်နိုင်ငံများရှိ တက္ကသိုလ်များမှဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

## ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ဆွေးနွေးပွဲ တက်ရောက်သူများက နိုင်ငံအလိုက် ယဉ်ကျေးမှုအဆိုအကများကို စုပေါင်းသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

**(ယာပုံ)**

ဖျော်ဖြေရေး အစီအစဉ်အပြီးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံ တက္ကသိုလ်များအဖွဲ့အစည်း အမှုဆောင်ဒါရိုက်တာနှင့် ညစာစားပွဲ တက်ရောက်လာသူများသည် ဆွေးနွေးပွဲတက်ရောက်သူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အာဆီယံ တက္ကသိုလ်များအဖွဲ့အစည်း အမှုဆောင် ဒါရိုက်တာနှင့် ဆွေးနွေးပွဲတက်ရောက်ကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ညစာစားပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ကျေးလက်ဒေသစက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၈**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော မင်းဘူးမြို့နယ် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စက်ရေတွင်းများဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း(၁/၂၀၀၄)ကိုဩဂုတ် ၁၉ရက်တွင် မင်းဘူးမြို့ လေးအိမ်တန်းကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာပြည်သူ ၅၀ကျော် တက်ရောက်သည်။ (သတင်းစဉ်)

**ဩဂုတ်၂၈ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှဗိုလ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူသုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦး တို့အား ဆုချီးမြှင့်စဉ်။** (က-ပ)

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ ရှေ့ဖုံးမှ

အထူးပြုလေ့လာရေးအဖွဲ့ (Special Interest Group-SIG) က ဦးဆောင်၍ အပတ်စဉ် ပညာရှင်ဆွေးနွေးပွဲများ ပြုလုပ်ဖလှယ်နေမှု၊ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့မှု၊ National ICT Award များရွေးချယ်ချီးမြှင့်မှု၊ ကွန်ပျူတာသုံး မြန်မာစာစနစ် ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုနှင့် အခြား ICT ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက် ဖြစ်ပေါ်မှုများအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိနေသည့်အတွက် IT ခေတ်ကာလကြီးဖြစ်သည်ဟု အများက သတ်မှတ်ထားကြကြောင်း၊ ထိုကဲ့သို့ အချိန်ကာလမျိုးတွင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ခိုင်မာပြည့်စုံသည့် အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းစေရေး မျှော်မှန်းချက်ဖြင့် တည့်မတ်ခိုင်မာစွာ တည်ဆောက်ထားနိုင်စေရန် ကြိုးပမ်းနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ခေတ်နှင့်လျော်ညီစွာ တိုးတက်ဖြစ်ထွန်းစေရန် အားပေးဆောင်ရွက်နေချိန်လည်းဖြစ်ကြောင်း။

## အသာစီးယူ

အထူးသဖြင့် အနောက်နိုင်ငံကြီးအချို့က နည်းပညာကွာဟမှုများကို အသာစီးယူအသုံးချပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိနေပြီဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဖန်တီးလုပ်ဆောင်ရင်း ၎င်းတို့၏ ဩဇာအာဏာ လောင်းရိပ်အောက်သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကို အတင်းအဓမ္မသွတ်သွင်းရန် ကြိုးစားနေချိန်လည်းဖြစ်ကြောင်း၊ ထိုကဲ့သို့အချိန်ကာလမျိုး၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၏ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာရပ်များကို ထိရောက်စွာ အသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးတို့ကို ယှဉ်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

## စည်းရုံးဦးဆောင်နိုင်ရန်

ထိုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ သွက်လက်ထက်မြက်သော စွမ်းပကားကို အသိအမှတ်ပြုပြီး မိမိတို့၏ တိုင်းရင်းသားကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာဝါသနာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်နိုင်စေရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့် အသင်းအသီးသီးကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၈ခုနှစ်တွင် ကွန်ပျူတာအသင်းများနှင့် အသင်းချုပ်ကြီး စတင်ဖွဲ့စည်းပြီးသည့်နောက် ယခင်အခါက တစ်ဦးချင်းတစ်ယောက်ချင်း မိမိတို့တစ်ပိုင်တစ်နိုင် ပြန့်ကြဲဆောင်ရွက်နေခဲ့ကြသည့် ICT ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဝါသနာရှင်များကို စုစည်းဆောင်ရွက်နိုင်ခဲ့သလို အသင်းချုပ်ကြီးအနေဖြင့် ပုဂ္ဂလိက ICT ကဏ္ဍကို ကိုယ်စားပြုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော် အစိုးရကလည်း ကူညီပံ့ပိုးမှုများကို ထိရောက်စွာ ပြုလုပ်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာ ICT လောကနှင့် ဆက်ဆံသည့် နေရာတွင်လည်း မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုအဖြစ်ဖြင့် ဂုဏ်သိက္ခာရှိရှိ တန်းတူရည်တူ ဆက်သွယ်ဆောင်ရွက်နေနိုင်ပြီလည်း ဖြစ်ကြောင်း။

## အသင့်ရှိနေ

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ICT နည်းပညာ၏အကျိုးကျေးဇူးကို လူမှုစီးပွားရေးဘဝကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကျိုးရှိ ထိုက်တန်စွာအသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းခြင်းဆိုင်ရာ အပိုင်း၌အသင့်ရှိနေပြီ (Readiness of Institutionalization) ရှိနေပြီဟု ပြောကြားလိုကြောင်း။

ယခုဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၀ပြည့်နှစ် အောက်တိုဘာလက စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ASEAN ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးက သဘောတူချမှတ်ထားသည့် e-ASEAN Frame Work Agreement အရ ICTကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် လိုအပ်သော အမျိုးသားအဆင့်ကော်မတီများဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ e-National Task Force နှင့် e-Government လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် e-Government Implementation ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီး e-ASEAN Frame Work Agreement အရ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်း (၆)ရပ်ဖြစ်သည့် (၁) သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံများ (Information Infrastructure) ဖွံ့ဖြိုးရေး၊ (၂) e-Commerce စနစ်ဖြစ်ထွန်းရေး၊ (၃) e-Government စနစ်ဖြစ်ထွန်းရေး၊ (၄) ICT ဆိုင်ရာကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ ပြေလျော့ပေးရေး၊ (၅) ICT ပစ္စည်းနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးရာတွင် ရင်းနှီးမြှုပ်နှံမှု တိုးပွားလာအောင် ဆောင်ရွက်ရေး၊ (၆) အာဆီယံမိသားစုဝင် နိုင်ငံများအကြား နည်းပညာကွာဟမှု (Digital Divide) လျော့နည်းလာပြီး e-Society တစ်ခုဖြစ်လာရန်အတွက် ICT ဆိုင်ရာ အရည်အသွေး တည်ဆောက်ရေး (Capacity Building) စသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဖြန့်ကြက် အကောင်အထည် ဖော်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

**မြန်မာနိုင်ငံတွင် စတင်ကျင့်သုံး ဆောင်ရွက်နေပြီဖြစ်သည့် e-Visa, e-Passport, e-Government Portal, e-Precurement စသည့်လုပ်ငန်းများသည် အချို့သော အာဆီယံနိုင်ငံများ၌သာ စတင်ဆောင်ရွက်နိုင်သေးသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။**

ထိုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် e-ASEAN Frame Work Agreement မှာပါသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေပြီး ပြီးမြောက်အောင်မြင်မှု အတိုင်းအတာသည်လည်း အခြားသော အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်း နိုင်နေပြီလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သည့် e-Visa, e-Passport, e-Government Portal, e-Precurement စသည့် လုပ်ငန်းများသည် အချို့သော အာဆီယံနိုင်ငံများ၌သာ စတင်ဆောင်ရွက်နိုင်သေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

## ထိရောက်သွက်လက်လာမည်

ယခုဆိုလျှင် မြန်မာနိုင်ငံအနေနှင့် e-Government လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်နေကြသည့် အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းများသည် ICT နည်းပညာအခြေခံသော e-Government စနစ်အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းသူပြည်သားများအတွက် အကျိုးဆောင်ပေးမှုများ၊ ဝန်ဆောင်မှုပေးမှုများ အထူးကောင်းမွန်လာမည် ဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုများသည်လည်း ပိုပြီးထိရောက် သွက်လက်လာတော့မည် ဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီသောကာလတွင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ အကြား Fiber Optic လိုင်းချိတ်ဆက်ထားသည့် Government Network ကြီး ပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် Information Infrastructure တိုးတက်လာစေရေးအတွက် National Back Bone တစ်ခုတည်ဆောက်နိုင်ရေးနှင့် International Access နှင့် Last Mile Link ပိုကောင်းလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အကြားသာမက အခြားမြို့ကြီးများကိုပါ National Back Bone အဖြစ် Fiber Optic လိုင်းချိတ်ဆက်နိုင်ရန် ဆောင်ရွက်နေသည့်အပြင် Fiber လိုင်း မရောက်သေးသည့် အခြားသောဒေသများကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Bagan Cyber Tech တို့က V-Sat နှင့် i-Pstar ဂြိုဟ်တုဆက်သွယ်ရေးစနစ်များဖြင့် ဆက်သွယ်ပေးထားပြီးဖြစ်ကြောင်း၊ International Access ကောင်းလာပြီး Internet ချိတ်ဆက်အသုံးပြုမှု တိုးမြှင့်အသုံးပြုနိုင်စေရန် Satellite အပြင် Se-Me-We(3) Submarine Cable ကိုလည်း ချိတ်ဆက်ထားပြီးဖြစ်၍ Bandwidth ကို လိုသလိုချဲ့သွားနိုင်နေပြီဖြစ်ကြောင်း၊ Last Mile Link ပိုကောင်းလာစေရေးအတွက်လည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် Wireless Broad Band စနစ်တပ်ဆင်ပြီးဖြစ်သည်သာမက လက်ရှိတယ်လီဖုန်းလိုင်းများကို အသုံးပြုမည့် (Asynchronized Digital Subscriber Line-ADSL) ကို စတင်တပ်ဆင်နေပြီဖြစ်ကြောင်း။

## ဥပဒေများပြည့်စုံ

ထိုကဲ့သို့ Infrastructure အပိုင်းများတွင် စနစ်တကျ တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးနေဆဲလည်းဖြစ်ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ၊ Wide Area Network အမိန့်၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေတို့ကို ပြဋ္ဌာန်းထုတ်ပြန်ပေးထားပြီးဖြစ်သကဲ့သို့ မြန်မာ့ဆက်သွယ်ရေးဥပဒေအတွက်လည်း မူကြမ်းပြီးစီးနေပြီဖြစ်သည့်အတွက် Cyber Law ဟု ခေါ်နိုင်မည့်ဥပဒေများ တဖြည်းဖြည်းပြည့်စုံလာနေပြီ ဖြစ်ကြောင်း။

ICT နည်းပညာကဏ္ဍတွင် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေးအတွက်လည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး ကွန်ပျူတာတက္ကသိုလ်နှင့် နိုင်ငံအနှံ့ မြို့ကြီးများတွင် ကွန်ပျူတာကောလိပ် ၂၄ခု ထူထောင်ပေးထားပြီးဖြစ်သည့်အပြင် ပညာရေးဝန်ကြီးဌာနအောက်၌ရှိသော တက္ကသိုလ်ကောလိပ်တိုင်း၌ပါ ကွန်ပျူတာ ဒီပလိုမာနှင့် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပေးနေပြီလည်းဖြစ်ကြောင်း။

ICT နည်းပညာဆိုင်ရာ အခြေခံကောင်းများကို လေ့ကျင့်ပေးနိုင်စေရန်အတွက် အခြေခံပညာ အထက်တန်းကျောင်းများအားလုံး၊ အလယ်တန်းကျောင်းအများစုနှင့် အချို့သော မူလတန်းကျောင်းများတွင် Multi Media စာသင်ခန်းများ ဖွင့်လှစ်ပေးထားပြီးလည်းဖြစ်ကြောင်း။

## ကျွမ်းကျင်မှုသင်တန်းများ

ထို့အပြင် ပုဂ္ဂလိက ကဏ္ဍတွင်လည်း ကွန်ပျူတာနည်းပညာ ကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်သာမက မြန်မာပြည်အနှံ့ နေရာဒေသ အသီးသီးတို့တွင်လည်း သင်ကြားပေးနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ICT နည်းပညာကျွမ်းကျင်မှုကို နိုင်ငံတကာအဆင့်မီစေရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ကြိုးပမ်းမှုနှင့် မိတ်ဆွေနိုင်ငံများ၏ အကူအညီပေးမှုများကြောင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ ပညာတော်သင်များ နှစ်စဉ်ပို့လွှတ်သင်ကြားစေရုံသာမက MICT Park ၌ Myanmar-Japan -e-Learning Center တစ်ခု ဖွင့်လှစ်ထားနိုင်ပြီး နိုင်ငံတကာအဆင့်မီ သင်တန်းများကို ပြည်ပမှဆရာများဖြင့် စဉ်ဆက်မပြတ် သင်ကြားပေးလျက်ရှိသည်ကို တွေ့ရကြောင်း။

ICT နည်းပညာ နိုင်ငံတကာအဆင့်မီသည့်အပြင် နိုင်ငံတကာကပါ အသိအမှတ်ပြု လက်ခံနိုင်စေရန်အတွက် ဂျပန်နိုင်ငံ၏အကူအညီနှင့် Cross Certification ဟု ခေါ်သည့်အပြင် အပြန်အလှန် ကျွမ်းကျင်မှုအသိအမှတ်ပြု JITEC စာမေးပွဲများ ကျင်းပပေးမှုများ၊ JITEC သင်ရိုးအတိုင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ပြုလုပ်ပေးသည့် MCSA စာမေးပွဲ ကျင်းပပေးမှုများ၊ e-Government သင်တန်းများ ပို့ချပေးမှုများသည်လည်း နိုင်ငံတော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဖြစ်ထွန်းစေရန် အတွက် များစွာအထောက်အကူပြုလာမှာ အမှန်ပဲဖြစ်ကြောင်း။

## လုံခြုံစိတ်ချမှုရှိရန်

ထို့ကြောင့် မြန်မာနိုင်ငံ၏ ICT လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် e-Commerce စနစ် အသုံးပြုရေးတို့တွင် လုံခြုံစိတ်ချမှု ရှိစေရန်အတွက် အမျိုးသားအဆင့် Certification Authority (CA)ကို ထူထောင်ပြီးဖြစ်သလို ကွန်ပျူတာစနစ်အတွင်း ဝင်ရောက်နှောင့်ယှက်မှုများ၊ မသမာမှုများ၊ ဖျက်ဆီးမှုများကို ကြိုတင်ကာကွယ်နိုင်စေရေးအတွက် အမျိုးသားအဆင့် Computer Emergence Response Team (MMCERT) ကိုလည်း အခြားသော အာဆီယံနိုင်ငံများနည်းတူ ဖွဲ့စည်းထားပြီးလည်းဖြစ်ကြောင်း၊ Government to Business (G2B) ဖွံ့ဖြိုးတိုးတက်လာစေရန် e-Procurement စနစ်တစ်ခုကို တီထွင်ပြီး စတင်အသုံးပြုနေပြီလည်း ဖြစ်ကြောင်း၊ ကုန်သွယ်မှုအားလုံး အကျုံးဝင်မည့် Trade Electronic Data lnterchange(TEDI) စနစ်တစ်ခုကို CLMV နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ပုဂ္ဂလိကကဏ္ဍ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကြော်ငြာခြင်း၊ ရောင်းဝယ်ခြင်းတို့ကိုပြုလုပ်နိုင်သည့် Website များ များစွာပေါ်ပေါက်လာနေပြီ ဖြစ်သည့်အတွက် B2C ပိုင်းများလည်း များစွာအားကောင်းလာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ On-Line Payment လုပ်နိုင်သည်အထိ တိုးတက်ဖြစ်ထွန်းလာစေရန် ဆက်လက်ဆောင်ရွက်နေပြီးလည်းဖြစ်ကြောင်း။

ICT ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ရောင်းဝယ်ရေးတွင် ကန့်သတ်ချက်များ ဖြေလျော့ရေးအတွက်လည်း ASEAN သဘောတူညီချက်များနှင့်အညီ သွင်းကုန်ခွန်များ လျှော့ချပေးထားပြီးလည်းဖြစ်ကြောင်း။

## ဆက်လက်အားထုတ်

ICT ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၌ ရင်းနှီးမြှုပ်နှံမှု တိုးပွားလာရေးတွင်လည်း လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သည့် ICT Park များနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများ ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် ဆက်လက် အားထုတ်ကြိုးပမ်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

## ဝါခေါင်လပြည့်နေ့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် ကြခတ်ဝိုင်းဆရာတော် ကိုးပါးသီလ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၈

၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်၊ ဩဂုတ် ၃၀ရက် (တနင်္လာနေ့)တွင် နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိပါလက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

# စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ၏ ICT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေမည့် ကွန်ပျူတာသုံး မြန်မာစာစနစ် အမြန်ဆုံးပေါ်ပေါက်လာနိုင်ရေးအတွက်လည်း နိုင်ငံတကာအဆင့် ISO Standard နှင့် လက်ခံနိုင်သည့် Myanmar Character Set ကို စံပြုသတ်မှတ်နိုင်ရန်နှင့် တိုင်းရင်းသားဘာသာစကားများကိုပါ တစ်ပါတည်းအသုံးပြုနိုင်ရန် ပညာရှင်အဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းပြီး သုတေသနပြု တီထွင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

**စီမံချက်များပြုလုပ်ရေး**

မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက် အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ပြုစုရေးဆွဲထားသော ICT Master Plan ကို ပိုမိုပြည့်စုံကောင်းမွန်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်မိနိုင်စေရေးနှင့် အသေးစိတ် အကောင်အထည်ဖော်မည့် စီမံချက်များပြုလုပ်နိုင်ရေးအတွက်လည်း Initiation for ASEAN Integration (IAI) အစီအစဉ်အရ Myanmar ICT Development Master Plan Project ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကိုမျှော်မှန်းသည့် ICT ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ ဦးဆောင်ဦးရွက်ပြုမှုများတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့်တကွ အသင်းများအားလုံးက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ ICT ကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

**အကျိုးရလဒ်ကောင်းများ**

အာဆီယံမိသားစုဝင် နိုင်ငံများအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ASEAN အသိုင်းအဝိုင်းနှင့်တကွ နိုင်ငံတကာ ICT ဖြစ်ပေါ်တိုးတက်မှုများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်မိစေရေးတို့အတွက် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်နှင့် ပုဂ္ဂလိက ကဏ္ဍတို့ကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများသည်လည်း စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏အားပေးကူညီ ဦးဆောင်ပေးမှု စနစ်တကျ စီမံခန့်ခွဲပေးမှုတို့ ရရှိဖြစ်ထွန်းနေသော အခြေအနေ အချိန်အခါကောင်းတွင် တိုင်းရင်းသား ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာဝါသနာရှင်များ အားလုံးကလည်း မိမိတို့သက်ဆိုင်ရာ အသင်းများနှင့်တကွ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီး၏ အလံတော်အောက်မှာ တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းပြီး မြန်မာနိုင်ငံ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ပြီး တည်ညီလက်ညီ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့် အသင်းများအားလုံး စုစည်းညီညွတ်စွာဖြင့်–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးမှာ ပဓာနကျသည့်သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း စွမ်းဆောင်ပေးနိုင်ကြပါစေ၊**
- **နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ ကာကွယ်ရေးကဏ္ဍအသီးသီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍက အထောက်အကူပြု ပံ့ပိုးစွမ်းဆောင်ပေးခြင်းအားဖြင့် အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ကြပါစေ၊**
- **မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကြီးနှင့်တကွ အသင်းများအားလုံး အခွန့်ရှည် တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်နိုင်ကြပါစေ၊ အောင်မြင်သည်ထက် အောင်မြင်ဖြစ်ထွန်းကြပါစေ**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယ...
ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္က...
ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်...
ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့...
စည်ပင်သာယာရေး ကော်မ...
ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူး...
အောင်သိန်းလင်းနှင့် တာဝန်ရှိ...
များသည် ဩဂုတ်၂၈ရက်နံနက်...
ရန်ကုန်မြို့တော် သန့်ရှင်းသာ...
လှပရေးအတွက် ပတ်ဝန်းက...
ထိန်းသိမ်းရေးနှင့် သန့်ရှင်း...
ဌာနက (၂၆)လမ်း အလယ်လ...
တွင် အမှိုက်များသိမ်းဆည်းနေမှု...
သွားရောက် ကြည့်ရှုစစ်ဆေး...
ဌာနမှူး ဦးလင်းထွန်းမြင့် မြို့...
သန့်ရှင်းသာယာလှပစေရေးအတ...
ဆောင်ရွက်နေမှုကို ရှင်းလ...
တင်ပြစဉ်။ (...

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၈

**၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ခေတ်မီဘက်စုံ တည်ဆောက်ရေး" နှင့် "ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု" ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။**

**ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂လက်မနှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်သည်။**

**ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ (Data) နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက် ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။**

**ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ ခုနှစ် မတ် ၂၇ ရက်တွင်ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။**

**ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားသည်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၈-၂၀၀၄ (တနင်္ဂနွေနေ့)**

**၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း "နိဒါန်း"** |
| ၈:၀၀ | ၅။ | သံသာချို့အေးမင်္ဂလာတေး |
| ၈:၁၅ | ၆။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈:၂၅ | ၇။ | တံငါတံတား |
| ၈:၃၀ | ၈။ | International News. |
| ၈:၄၅ | ၉။ | Say it in English . |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ် |
| ၁၁:၃၅ | ၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၂)** |
| ၁၂:၁၅ | ၅။ | ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း) |
| ၁၂:၂၅ | ၆။ | **မြန်မာဗီဒီယိုဇာတ်လမ်း ဗုံလုံ ငါးပုံ (မိုးဒီ၊ ခင်လှိုင်၊ လှမျိုးသဥ္ဇာနွယ်) (ဒါရိုက်တာ-သန်းဖေလေး)** |
| ၂:၄၅ | ၇။ | International News. |
| ၃:၀၀ | ၈။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၂၅ | ၃။ | ရန်ကုန်တိုင်း အမှတ်(၃) ... ပညာ ဦးစီးဌာန ဆဋ္ဌမအ... ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ... (ဒုတိယဆု) (အထက-၆၊ ဗိုလ်တထေ...) (အမျိုးသားဝတ်ရွတ်အဖွဲ့...) |
| ၄:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပ... ရုပ်မြင်သံကြားသင်ခန်းစ... - ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေ...) |
| ၅:၀၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက... |
| ၅:၁၅ | ၆။ | တေးဂီတအစီအစဉ် |
| ၅:၃၀ | ၇။ | စိုက်ပျိုးစွမ်းအား ပြည်ထွ... |
| ၅:၄၀ | ၈။ | ဆိုကြမယ်၊ ပျော်ကြမ... |
| ၆:၃၀ | ၉။ | ညနေခင်းသတင်း |
| ၇:၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၇:၀၅ | ၁၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပို... (အပိုင်း-၁၀)** |
| ၇:၃၅ | ၁၂။ | **စစ်ကိုင်းတောင်ရိုး မညှိုးသည့် သာသနာ (အပိုင်း-၂)** |
| ၇:၄၅ | ၁၃။ | **မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုးကုသ...) (အပိုင်း-၂)** |
| ၈:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းမျာ... |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသောအချစ်... (အပိုင်း-၂၀)** |
| | ၁၈။ | နောက်တစ်နေ့အစီအစ... |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

**✧ ရန်ကုန်တောင်ပိုင်းမှ**

ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးကြသော အနုပညာ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ စန္ဒရား ဦးနီနီထွန်းနှင့်အဖွဲ့က "မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲမှ ရွှေရတု၊စိန်ရတုမှ ပတ္တမြားရတုသို့တိုင်အောင်" ဂုဏ်ပြု တေးသီချင်းကို ကိုယ်တိုင်ရေးသားတီးခတ်၍ လည်းကောင်း၊ "နန်းကြာညိုကျော့" သီချင်းကို မစိုးမြဝင်းက သီဆို၍ မအိဇာမွန်၏ အကဖြင့်လည်းကောင်း၊ "မြန်မာ့ကြေးကြော်သံ" သီချင်းကို မမင်းမင်း မြတ်သူက သီဆို၍ မဇာလီမျိုးချစ်၏ အကဖြင့်လည်းကောင်း၊ စောင်း ဦးမျိုးညွန့်နှင့် စန္ဒရားဦးသက်ထွန်းအဖွဲ့က "မေတ္တာလွှမ်းခြုံ" သီချင်းဖြင့် လည်းကောင်း၊ ဆိုင်းရွှေတံဆိပ်ဆုရှင် မဇာနည်နန်းလွင်က တစ်ကိုယ်တော် လက်စွမ်းပြတီးခတ်၍လည်းကောင်း၊ ဦးမျိုးမြင့်အောင်နှင့်အဖွဲ့က "အောင်စေပိုင်စေ" သီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တောင်ပိုင်းခရိုင်ခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျောက်တန်းမြို့နယ်အတွင်း၌ ဘာသာရပ်အလိုက် သုံးနေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ၈၇ဦး၊ ပညာရှင်အဆင့် ၁၃ဦးတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)



**သာကေတမြို့နယ် အမက(၁၁)တွင် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ (၁၂)နှစ် ဆက်တိုက် ခွင့်ပျက်ရက်မရှိဆုရရှိသူ ဆရာမ ဒေါ်အေးအေးသွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းညွန့်က ဆုချီးမြှင့်စဉ်။** (က-ပ)




၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် အရှေ့ပိုင်းခရိုင် ရဲတ... **မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပညာရည်မြှင့်တင်ရေး အ... ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၂၈ရက်က အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့... အစည်းအဝေးခန်းမ၌ကျင်းပရာ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်က... စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မြို့နယ်များသို့ စာအုပ်နှင့်စာရေးကိရိ... များပေးအပ်စဉ်။** (ကြေ...

# စာရေးတံမဲ ဝါခေါင်ပွဲ

**လေးဝတီကျော်**

"သိဟ်ရာသီလမ်း၊ဝါခေါင်သန်းသော်၊နတ်ပန်းခတ္တာ"ဟု ဖွဲ့ဆိုထားရာ ဝါခေါင်လသည် မြန်မာလများတွင် ငါးလမြောက်လဖြစ်၍မိုးဥတုတွင်ပါဝင်သည်။ ရာသီမှာ သိဟ်ရာသီဖြစ်ပြီး ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။

ဝါခေါင်လဟူသော ဝေါဟာရ၌ "ဝါ"သဒ္ဒါကို ဦးစွာ ရှင်းရမည်ဆိုပါက "ဝါ"ဟူသော တစ်လုံးတည်းသော အက္ခရာမှာ လအားဖြင့် သုံးလ၊ ရက်အားဖြင့် ရက်ပေါင်း ကိုးဆယ်ရှိကြောင်း၊ အဓိပ္ပာယ်အပြည့်အစုံမှာ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့အထိ သုံးလတာကာလ ရက်ပေါင်းကိုးဆယ်ဖြစ်ကြောင်း သိရသည်။

"ခေါင်"ဟူသောပုဒ်သည် မြန်မာဘာသာ၌ အဓိပ္ပာယ်သုံးမျိုးရှိသည်။ အိမ်ခေါင်၊ ထိပ်ခေါင်၊ ထွတ်ခေါင်၊ ခေါင်လူကြီး၊ ခေါင်ဖျား၊ ခေါင်ချုပ်စသည်တို့၌ အထွတ်အထိပ်၊ အခေါင်အဖျား၊ အကြီးအကဲ၊ အမြင့်အမြတ် အဓိပ္ပာယ်ရသည်။ ဝေးကျူးသီခေါင်၊ ကုန်းခေါင်၊ မိုးခေါင်စသည်တို့၌ ဝေးကွာခြင်း၊ နည်းပါးခြင်း၊အဓိပ္ပာယ်ကို ဆိုလိုသည်။ အလယ်ခေါင်၊ နေ့လယ်ခေါင်၊ ညဉ့်နက်သန်းခေါင်စသည်တို့၌ "ခေါင်"သည် အလယ်၊ ဗဟိုကို ဆိုလိုသည်။ ယင်းသုံးမျိုးအနက် ဝါခေါင်၌ရှိသော "ခေါင်" စကားလုံးမှာ ညဉ့်နက်သန်းခေါင်ကဲ့သို့ အလယ်၊ ဗဟိုဟူသော အဓိပ္ပါယ်သာအသင့်လျော်ဆုံးဖြစ်သည်။ ထို့ကြောင့် ဝါခေါင်တစ်ပုဒ်လုံး၏အဓိပ္ပာယ်သည် ဝါ၏အလယ်ဗဟိုပင် ဖြစ်လေသည်။ ဝါတွင်းသုံးလတွင် ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှ တော်သလင်းလပြည့်ကျော် တစ်ရက်နေ့ထိ တစ်လတာကာလသည် ဝါတွင်းကာလ၏ အလယ်ဗဟို ဖြစ်သောကြောင့် ထိုကာလ၏ အစပထမပိုင်းတွင် ပါဝင်သောလကို ဝါလယ်ဟူသော အဓိပ္ပာယ်ဖြင့် ဝါခေါင်ဟု မှတ်သားခေါ်ဆိုခဲ့ကြသည်မှာ ဆီလျော်သည်ဟု မှတ်သားအပ်ပါသည်။

> **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ချစ် ဆူးရစ်ပွင့်ကာ၊ မိုးမရွာ ရွာပါသော်လည်း၊ မိုးမသည်း---"**

ဟူသော ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလင်္ကာအရ ဝါခေါင်လတွင် ဖွားဖက်တော်များအဖြစ် ပန်းသုံးမျိုး ပါလာသည်။ ထနောင်းပန်း၊ ကြောင်ချစ်ပန်းနှင့် ဆူးရစ်ပန်းတို့ဖြစ်ကြသည်။ ဤပန်းသုံးမျိုးမှာလည်း ဝါခေါင်လနှင့် ဆီလျော်လိုက်ဖက်လှသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပန်းသုံးမျိုးတို့ကား မိုးနည်း၊ မိုးပါးမှ ပွင့်ကြလေသည်။ ဝါခေါင်လသည် အထက်အညာဒေသ၌ မိုးပါးသောလ ဖြစ်လေရာ သူတို့၏ သဘာဝစရိုက်နှင့် အံကိုက်ဖြစ်၍ ဤလတွင် သူတို့ပွင့်လေ့ရှိကြသည်။ သို့သော် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်မူကား "ဒေဝရိန်ပဇ္ဇုန်မှူးငယ်က မြူးလှတယ်လေး"ဟုလည်းကောင်း၊ ဤလတွင် မိုးများစွာ ရွာသွန်းတတ်၍ မြစ်ရေ၊ ချောင်းရေတို့တိုးကာ ကမ်းလုံးပြည့်လျှံတက်လေ့ရှိခြင်းကြောင့် ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဟုလည်းကောင်း၊ ဝါဆို ဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်ဟုလည်းကောင်း ဖွဲ့စပ်မှတ်တမ်းပြုထားကြပေရာ ဖွဲ့စပ်သီကုံးခဲ့ကြသော ကဗျာလင်္ကာဆရာတို့မှာ မိမိတို့ ကျင်လည်ရာနေရာဒေသတွင် မိမိတို့ မြင်တွေ့ခံစားရပုံများကို သူတို့အမြင်၊ သူတို့ရှုထောင့်ဖြင့် လိုက်လျောညီထွေ သီကုံးခဲ့ကြဟန် တူပါသည်။

ဝါခေါင်လ၏ ရာသီပွဲတော်တစ်ခုဖြစ်သော စာရေးတံအလှူပွဲတော်သည်ကား ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကာလကပင် ပေါ်ထွန်းခဲ့သော အလှူပွဲတော်တစ်ခုဖြစ်သည်။

စာရေးတံဟူသော အဓိပ္ပာယ်ကို ဘာသာပြန်ဆိုရာတွင် သစ်သားဖြင့်ပြုလုပ်သော အချောင်းအတံဖြစ်စေ၊ ဝါးခြမ်းပြား၊ နီးပြား၊ ပေရွက်၊ ထန်းရွက်စသည်၌ဖြစ်စေ ဤမည်သော ဒကာ၏ "သလာကဘတ်" ဟု အက္ခရာတို့ကို ရေးသားထားခြင်းဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ အချုပ်ဆိုရသော် စာရေးတံဆွမ်းဆိုသည်မှာ "သလာကဘတ္တ" ဟူသော ပါဠိ၏ မြန်မာပြန်ဖြစ်ပါသည်။ သလာကဟူသော ပါဠိမှာ အချောင်းအတံဟု အဓိပ္ပာယ်ရ၍ ယင်းအချောင်းအတံပေါ်တွင် ဦးဘ၏ သလာကဘတ်၊ ဦးဖြူ၏ သလာကဘတ် စသည်ဖြင့် ဒကာများ၏ အမည်များကို အသီးသီး ရေးထိုးထားသော အတံမျိုးဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်၏ ခွင့်ပြုညွှန်ကြားတော်မူချက်အရ သံဃာတော်များက သံဃာတော်တစ်ပါးအား ဆွမ်းညွှန်သူအဖြစ် သံဃသမ္မုတိပေးအပ်က တင်မြှောက်ထားကြရသည်။ ထိုတင်မြှောက်ခံရသော ရဟန်းသည် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဟူသော အဂတိလေးပါး မလိုက်စားရခြင်း၊ ညွှန်းပြီးနှင့် မညွှန်းရသေးသူတို့ကို သိရခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံရသည်။ ထိုပုဂ္ဂိုလ်သည် ရည်ညွှန်းလှူသောဆွမ်း၊ ပင့်ဖိတ်လှူရသောဆွမ်း၊ စာရေးတံချသောဆွမ်းစသည့် ဆွမ်းကိစ္စတို့ကို အဂတိမလိုက်စားဘဲ ဆောင်ရွက်ရလေသည်။

ဆွမ်းညွှန်းရဟန်းတော်သည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်သည့်အခါ ဤမည်သော ဒကာ၏ စာရေးတံဆွမ်းဟု ဒကာ၏အမည်ကို ရေးသားထားသည့် သစ်သားဖြင့်ပြုလုပ်ထားသော အတံကလေးကိုဖြစ်စေ၊ ဝါးခြမ်း၊ နီးပြား၊ ထန်းရွက်၊ ပေရွက်စသည်တို့ဖြင့်ဖြစ်စေ မဲအဖြစ် အသုံးပြုရသည့် ထိုစာရေးတံမဲကလေးများကို ခြင်းတောင်း၌သော်လည်းကောင်း၊ သင်္ကန်းလိပ်၌သော်လည်းကောင်း ထည့်မွှေပြီး ထပ်တလဲလဲ ထက်အောက်ပြောင်းပြန်လှုပ်ကာ အလှည့်အစဉ်ရှိက အလှည့်အစဉ်ရောက်သည့် ရဟန်းမှစ၍ စာရေးတံမဲနှိုက်ယူစေရသည်။ အလှည့်အစဉ်မရှိက မထေရ်ကြီးမှစ၍ နှိုက်ယူစေရသည်။ စာရေးတံမဲကျပြီးသော သံဃာတော်များသည် စာရေးတံမဲကျသည့်အိမ်သို့ ဒကာ၏ ပင့်ဖိတ်ချက်အရ အသီးသီး ဆွမ်းစားကြွရလေသည်။ ဤသည်ကိုပင် စာရေးတံအလှူပွဲဟုခေါ်ပါသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိထွန်းကားလာချိန်တွင် သာသနာကိုကြည်ညိုသော ရှေးမြန်မာမင်းများနှင့် ပြည်သူတို့သည် ဤစာရေးတံအလှူပွဲကို ရာသီပွဲတော်အဖြစ် ဝါခေါင်လတွင် အခမ်းအနားဖြင့် ကျင်းပခဲ့ကြသည်။ ကျင်းပပုံမှာ ရှေးဦးစွာ ဂါမဝါသီ ဤမြို့ရွာ၌ သီတင်းသုံးတော်မူကြသည့် သံဃာများ၏ ဘွဲ့အမည်များကို စာရင်းကောက်ယူကြရသည်။ ယင်းနောက် မဲတံကလေးများ၏ ထိပ်ပြားတွင်ဘုန်းတော်ကြီးများ၏ ဘွဲ့အသီးသီးကိုရေးသားထားပြီး ဝါးကျည်တောက်စသည့် ထည့်စရာတစ်ခုခုထဲသို့ ထိုးစိုက်ထားရသည်။ ပရိသတ်စုံသောအခါ ဒကာ၊ ဒကာမများ၏ အမည်ကို အစဉ်အတိုင်းခေါ်ယူ၍ စာရေးတံမဲနှိုက်ယူစေသည်။ ဘုရားရှင်လက်ထက်တော်က မဲတံတွင် ဒကာများ၏ အမည်ကို ရေးသားထားပြီး သံဃာတော်များက အလှည့်ကျ မဲနှိုက်ကြရသည်။ သို့သော် မြန်မာတို့စာရေးတံအလှူတွင်မူ ဘုန်းတော်ကြီး၏ ဘွဲ့အမည်ကိုရေး၍ ဒကာ၊ ဒကာမများက မဲနှိုက်ကြရသည်။ စာရေးတံ ဆွမ်းဒကာများသည် မိမိတို့ နှိုက်ယူသော မဲတံကလေးများတွင် ရေးသားထားသော ဘွဲ့ရှင်သံဃာတော်အား နောက်တစ်နေ့ နံနက်စောစောပင့်၍ အိမ်၌ ဆွမ်းကပ်လှူဒါန်းကြသည်။ အချို့က ဘွဲ့ရှင်ကိုယ်တော်ထံ ဆွမ်းအုပ်များပို့ကာ လှူဒါန်းကြလေသည်။ မည်သည့် ပုဂ္ဂိုလ်ဟူ၍ အစွဲမထားဘဲ မဲကျရာပုဂ္ဂိုလ်အား စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းကြခြင်းပင် ဖြစ်လေသည်။ ဤကဲ့သို့ စုစုဝေးဝေး ပျော်ပျော်ရွှင်ရွှင် မဲနှိုက်ကြခြင်း၊ စေတနာသဒ္ဓါ အပြည့်အဝဖြင့် လှူဒါန်းကျွေးမွေးကြခြင်းတို့ဖြင့် ရိုးရာဓလေ့ စာရေးတံပွဲသဘင်ကို ကျင်းပခဲ့ကြလေသည်။

ဤစာရေးတံဆွမ်း အလှူကို ဘုရားရှင်လက်ထက်က မည်သည့်လရာသီတွင် လှူဒါန်းရမည်ဟု သတ်မှတ် ချက် မတွေ့ရပါ။ သို့သော် ဘုရင်အမှူးရှိသော ရှေးမြန်မာတို့သည် ဝါခေါင်လကား ရဟန်းတော်များ တစ်စုတစ်ဝေးတည်း နေချိန် ဆွမ်းပန်းကိစ္စ အခက်အခဲဖြစ်တတ်ချိန်ဖြစ်၍ ဆွမ်း၊ ပန်းကိစ္စလွယ်လွယ်ကူကူ ဖြစ်စေရန် ရည်ရွယ်လျက် ဤစာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့ဟန် တူပါသည်။ ပထမတွင် အစဉ်အလာအတိုင်း ဆွမ်းကိုသာ လှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် သဒ္ဓါတရား ထက်သန်လျှင် ထက်သန်သည့်အတိုင်း ပရိက္ခရာရှစ်ပါးနှင့်တကွ သံဃာတော်တို့ အသုံးအဆောင်ပစ္စည်းတို့ကို ပဒေသာပင်များသီ၍ စာရေးတံမဲချ လှူဒါန်းကြသည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။

ယခုခေတ် ဘုရားထီးတော်တင်ပွဲ၊ ရပ်ကွက်ဆွမ်းတော်ကြီးလောင်းလှူပွဲ၊သိမ်၊ ကျောင်း၊ ဇရပ်ရေစက်ချပွဲ စသည့် ပွဲတော်များတွင်လည်း သံဃာတော်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို စာရေးတံမဲဖောက်၍ လှူဒါန်းလေ့ရှိကြရာ ဤအစဉ်အလာသည် တစ်ချိန်က ရာသီပွဲတော်တစ်ခုဖြစ်သော စာရေးတံမဲ ဝါခေါင်ပွဲမှ သက်ဆင်းလာခဲ့သော မြန်မာတို့၏ မြတ်နိုးဖွယ်ရာပွဲတော် တစ်ခုပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော် ပန်းပေါင်းစုံပူဇော်ပွဲ

**ရန်ကုန် ဩဂုတ် ၂၈**

ရွှေတိဂုံစေတီတော် ၁၃၆၆ခုနှစ် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ဩဂုတ် ၃၀ ရက် ဝါခေါင်လပြည့်နေ့ (မေတ္တာ အခါတော်နေ့) နံနက် ၇ နာရီတွင် ပန်းစေတီများအား အခမ်းအနားဖြင့် လှည့်လည်၍ မုခ်လေးမုခ်ရှိ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ဆက်ကပ်ပူဇော်ပြီး နံနက် ၉နာရီခွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ မေတ္တာအခါတော်နေ့ဆိုင်ရာ တရားတော်များကို နာကြားကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဘာသာရေးအသင်းအဖွဲ့များက မေတ္တာသုတ် ပါဠိတော်များကို ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စုပေါင်းရွတ်ဖတ် ပူဇော်ကြမည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က ပန်းပေါင်းစုံတို့ကို ဂေါပကအဖွဲ့နှင့် ဆက်သွယ်၍ ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်သည်။ (သတင်းစဉ်)

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လမ်းပြုပြင်မှုများကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဩဂုတ်၂၇ရက် နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန လမ်းနှင့် တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးယိုယွင်းသည့် လမ်းများ ပြန်လည်ပြုပြင်ဖာထေးခြင်း၊ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် ပါရမီလမ်းဆုံအနီး ပျက်စီးယိုယွင်းနေသည့် ဘုရင့်နောင်လမ်းမကြီးကို နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှု လုပ်ငန်းကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ်နှင့် အင်းစိန်မြို့နယ် ဆက်သွယ်သည့် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများနှင့် လမ်းနှင့်တံတားတာဝန်ခံ အင်ဂျင်နီယာများက ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းများကို မြန်ဆန်စွာ ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် ရွှေပြည်သာမြို့နယ် အင်ဂျင်နီယာဌာန လမ်းနှင့်တံတား အထူး တည်ဆောက်ရေးအဖွဲ့ရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အထူးတည်ဆောက်ရေးအဖွဲ့ ရုံးဝင်းရှိ နိုင်လွန်ကတ္တရာ ဖျော်စက်လည်ပတ်နေမှု၊ ကျောက်ခွဲစက်ဖြင့် လိုအပ်သည့် ကျောက်အရွယ်အစားများကြိတ်ခွဲနေမှု၊ ကတ္တရာ၊သဲနှင့် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်က နိုင်လွန်ကတ္တရာ ဖျော်စက်နှင့် ကျောက်ခွဲစက်များ ပုံမှန်နေ့စဉ် လည်ပတ်နိုင်ရေး၊ ထွက်ရှိသည့် လုပ်ငန်းသုံးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းခွင်အရောက် ပို့ဆောင်ရေး၊ လမ်းများ ကောင်းမွန်စေရန် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်၍ လိုက်လံကြည့်ရှု စစ်ဆေးပြုပြင်ပေးရေးမှာကြားသည်။

(သတင်းစဉ်)

# မိုးကုတ်ဝိပဿနာ တရားစခန်း

**ရန်ကုန် ဩဂုတ် ၂၈**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း (၁၁၇)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာယောဂီများစက်တင်ဘာ ၂ရက် ညနေအရောက် လာကြရန်နှင့် ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

# ပြန်/ဆက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျောက်တန်းမြို့နယ်တံတားမြို့ရုံးကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးထွန်းမင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ရုံး၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် တံတားမြို့ရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ တံတားမြို့ရုံး၏ လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

# အသက်(၂၁)နှစ်အောက် ဟော်ကီပြိုင်ပွဲ အောင်နိုင်ရေးကော်မတီဒုတိယအကြိမ်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် (UNDER -21 SIX NATIONS CHALLENGE CUP ) လူငယ် ဟော်ကီပြိုင်ပွဲအတွက် ဒုတိယအကြိမ် အောင်နိုင်ရေးကော်မတီ အစည်းအဝေးကို ဩဂုတ် ၂၇ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ PANORAMA ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့်၊ ဂုဏ်ထူးဆောင်အမှုဆောင် ဦးစံတင်အောင်(ရွှေဘို)၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်၊ ဦးမောင်မောင်(ရွှေကမ္ဘာ)၊ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်ကြီးအောင်ကြည်ဝင်း၊တွဲဖက်အတွင်းရေးမှူး(၂)ဦးမြင့်နိုင်နှင့် အမှုဆောင်များနှင့် အောင်နိုင်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

**အမှာစကား ပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးကျော်နိုင် (ပြည်ပရေးရာတာဝန်ခံ)က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့်အသက်(၂၁)နှစ်အောက် လူငယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို လည်းကောင်း၊မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အောင်နိုင်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်နိုင်က အသက် (၂၁) နှစ်အောက် လူငယ်ဟော်ကီ အားကစားသမားများအား စခန်းသွင်းထားမှုနှင့် အုပ်ချုပ်မှု ကိစ္စရပ်များကို လည်းကောင်း၊ အောင်နိုင်ရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာ့လူငယ်အသင်းအောင်နိုင်ရေးအတွက် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ မြန်မာ့လူငယ်လက်ရွေးစင် လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဌေးသိန်းက လက်ရွေးစင်များကို လေ့ကျင့်ရေးနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ဥက္ကဋ္ဌနှင့်အမှုဆောင်များက မြန်မာ့လက်ရွေးစင် ဟော်ကီအသင်း ခြောက်နိုင်ငံ ဟော်ကီပြိုင်ပွဲတွင် အောင်ပွဲဆင်နိုင်ရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

❍ **ချစ်ကြည်ရေးမှ**

ပထမပိုင်း၄၅မိနစ်စေ့၍လေလွင့်ချိန်အတွက် ထပ်ဆောင်းပေးသည့် အချိန်၌ ညွန့်ပေါင်း လက်ရွေးစင်အသင်းမှ ကျော်ဇင်ဝင်း ချေပကိုး သွင်းယူ၍ တစ်ဂိုးစီ သရေဖြစ်နေသည်။

**အနိုင်ရ**

ဒုတိယပိုင်းတွင် Kitchee အသင်းက လူစားများလဲကာ ကစားအားအရှိန်မြှင့်တင်ကစားပြီး ၂၅ မိနစ်၌

**"ညွန့်ပေါင်းအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ကြောင်း" ပြောကြားသွားသူ Kitchee အသင်းနည်းပြ** Mr. Cheng Sin Siu Chung ။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

Javanovic က ဒုတိယဂိုးကို လည်းကောင်း၊ ၂၈ မိနစ်၌ Ito Dan က တတိယဂိုးကိုလည်းကောင်း သွင်းယူ၍ ဟောင်ကောင်ကလပ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ဒုတိယဂိုးသွင်းသူမှာ ဆာဘီးယားမှ ဘောလုံးသမားဖြစ်ပြီး တတိယဂိုးသွင်းသူမှာ ဂျပန်မှ ဘောလုံးသမား ဖြစ်သည်။

ပွဲအပြီး နှစ်ဖက်အသင်း တာဝန်ရှိသူတို့အား ကြေးမုံက မေးမြန်းရာ ညွန့်ပေါင်းလက်ရွေးစင်အသင်း နည်းပြ

**"ညွန့်ပေါင်းအသင်းမှအားကစားသမားများအနေဖြင့် နိုင်ငံတကာပွဲအတွေ့အကြုံပိုများလျှင် ပိုကောင်းလာမည်ဖြစ်ကြောင်း" ပြောကြားသွားသူ** Kitchee **အသင်းအုပ်ချုပ်သူ** Mr. Sek Kam Wah။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ချုပ် ဦးခင်မောင်တင့်က "မိမိတို့အသင်း ကြိုးစားကစားကြောင်း၊ သရေဖြစ်သင့်သော်လည်း ရသည့်အခွင့်အရေးများ လွဲခဲ့ရကြောင်း၊ ဒုတိယပိုင်း ကစားအားကျပြီးအလယ်တန်းကလည်း လိုက်ဖြည့်မကစားနိုင်ခဲ့ကြောင်း၊ တစ်ဖက်အသင်းက အရပ်အမောင်း၊ ပါဝါ၊ ပါးနပ်မှုတို့ကို အသုံးချ၍ ကစားသွားခဲ့ကြောင်း" ပြောကြားသွားသည်။

ဟောင်ကောင် Kitchee ကလပ်အသင်းနည်းပြ Mr.Cheng Sin Siu Chung က "မိမိတို့ အသင်းကောင်းတစ်သင်းနှင့် ကစားရခြင်းဖြစ်ကြောင်း၊

**"မိမိတို့အသင်း ကြိုးစားပြီး သရေဖြစ်သင့်ကြောင်း" နည်းပြချုပ် ဦးခင်မောင်တင့်က ပြောကြားစဉ်။**

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ညွန့်ပေါင်းအသင်း ကစားသမားများ လျင်မြန်ပြီး ကျွမ်းကျင်စွာ ကစားနိုင်ကြောင်း၊ ယခုထက်ပို၍ မြန်မြန်ကစားနိုင်လျှင် ပိုကောင်းမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။ အုပ်ချုပ်သူ Mr. Sek Kam Wah က "ညွန့်ပေါင်းဘောလုံးသမားများ ပွဲအတွေ့အကြုံများလျှင် ပိုကောင်းမည်"ဟု ပြောကြားသည်။

ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီတွင် ချစ်ကြည်ရေး ဒုတိယပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဟောင်ကောင် Kitchee အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

**အကြိတ်အနယ် ဘောလုံးယှဉ်လု**

Kitchee **အသင်းရှေ့တန်းမှ** Jovanovic Minhailo **နှင့် မြန်မာ ညွန့်ပေါင်းအသင်းမှ ပေါ်ထွန်းကျော်တို့ အကြိတ်အနယ် ဘောလုံးယှဉ်လုစဉ်။**

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

**မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုး တိုးတက်ရေးအဆောက်အအုံ** MICT Park **၌ ကျင်းပရာ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့** (e-National Task Force)**ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်နှင့်** e-National Task Force **အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာကျော်သိန်းနှင့် ဦးတင်ဝင်းအောင်တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ဆောင်ရွက်ချက်အစီရင်ခံစာကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးခွန်ဦးကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးဝင်းကလည်းကောင်း၊စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်ဦးစိုးဝင်းထွန်းကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အမှုဆောင်များ ဖြည့်စွက် အစားထိုးတင်မြှောက်ကြသည်။

ဆက်လက်၍မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဆောင်ရွက်ချက်အစီရင်ခံစာကို အတွင်းရေးမှူး ဦးသိန်းထွန်းဖေကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်တင်တင်အေးကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို ဒေါ်သင်းသင်းမြတ်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အမှုဆောင်များ ဖြည့်စွက် အစားထိုးတင်မြှောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း၏ ဆောင်ရွက်ချက်များကို အတွင်းရေးမှူး ဒေါ်စုစုလှိုင်က ဖတ်ကြားတင်ပြပြီး အမှုဆောင်သစ်များ ဖြည့်စွက်အစားထိုးတင်မြှောက်ကြသည်။

ထို့နောက် အီလက်ထရောနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်သိန်းနှင့် ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်တို့က Myanmar Japan Cross Certification Exam, MCSA Exam, MCSA မှ ကြီးမှူးသော Multi Media သင်တန်းအသီးတို့၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအားလည်းကောင်း၊ MCSA နှင့် JITEC Examဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသော ဆရာ၊ ဆရာမများနှင့် Company များအားလည်းကောင်း၊ e-Learning Centre ၌သင်တန်းများ ပို့ချပေးခဲ့သော ဆရာ၊ ဆရာမများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နှစ်ပတ်လည် အစည်းအဝေးနှင့်အတူ SoftWare လုပ်ငန်းခွင်နှင့် ပတ်သက်သည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ပတ်သက်သည့် Seminarများကိုလည်းကောင်း၊ Programming ပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲ ကိုလည်းကောင်း ကျင်းပကြသည်။(သတင်းစဉ်)

**အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ**

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်**

**(၁-၉-၂၀၀၄မှ ၇-၉-၂၀၀၄)**

**မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။**

**အသက်၆-လမှ ၅-နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။**

**အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။**

**ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။**

**ကျန်းမာရေးဝန်ကြီးဌာန** | **ကမ္ဘာ့ကျန်းမာရေးအဖွဲ့** | **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့** | **သတ္တုတွင်းဝန်ကြီးဌာန**

**ရန်ကုန်မိုးရေချိန်**

**(၂၈-၈-၂၀၀၄)**

| | |
|---|---|
| ရန်ကုန်မြို့လယ် | ၀ ဒသမ ၅၁ လက်မ |
| မင်္ဂလာဒုံ | ၀ ဒသမ ၄၃ လက်မ |
| ကမ္ဘာအေး | ၀ ဒသမ ၂၃ လက်မ |

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။**

စာဖတ်သူတိုင်း စာဖတ်ဖို့၊

စာကြည့်တိုက်များ ထူထောင်ကြစို့။



❖ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဆက်သွယ်ပါ။

❖ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် အမှတ် ၅၂၉၊ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အတွင်းရေးမှူးများအဖွဲ့၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ စုစုပေါင်း ၄၀၀ခန့် တက်ရောက်ကြသည်။

(သတင်းစဉ်)

# ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၄ရက် မွန်းလွဲပိုင်းတွင် ပုသိမ်-မုံရွာလမ်း မိုင်တိုင် ၁၃၆/၆ရှိ မုန်းချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး မုန်းချောင်းတံတား ပဒါန်းဘက်ကမ်း ချဉ်းကပ်လမ်း မြေကြီးတာပေါင်တင်ခြင်းလုပ်ငန်း စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက်ဝန်ကြီးသည် ပဒါန်းဘက်ကမ်းကွန်ကရစ်ဘိုးပိုင်တူးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဘစောက ပဒါန်းဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ပစ္စည်းများ စုဆောင်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ယန္တရားများကို အထူးဂရုစိုက်ကိုင်တွယ်အသုံးပြုရန်၊ စက်သုံးဆီများကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် သုံးစွဲကြရန်၊ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

မုန်းချောင်းတံတားသည် ပုသိမ်-မုံရွာလမ်း ငဖဲမြို့နယ်၌ တည်ရှိပြီး မုန်းချောင်းကိုဖြတ်၍ တည်ဆောက်မည့် သံမဏိကြိုးဆိုင်း တံတားဖြစ်သည်။ ချဉ်းကပ်တံတားမှာ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်မှာ ပေ ၉၄၀ ရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အနန္တသူရိယချောင် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိတ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ကျောက်ဆည်မြို့ စုကြီးရပ် ခမည်းတော် ဦးထင်၊ မယ်တော် ဒေါ်စံတုတ်တို့မှ ၁၂၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်/ရဟန်း ပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် (၁၀)နှစ်သားအရွယ် ၁၂၇၇ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျောက်ဆည်မြို့နယ် မြင်းကဘက်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၈၆ခုနှစ် တပို့တွဲလဆန်း ၇ ရက်နေ့ နံနက် ၉နာရီအချိန်တွင် စစ်ကိုင်းတောင်ရိုး ရွာလေးထပ်ခဏ္ဍသိမ်တွင် ရေငုံဆရာတော် ဘဒ္ဒန္တတေဇကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ၂၂လမ်း ပန်းဆိုးတန်းရပ် အမိဒေါ်ကြီးနှင့် သားသမီးများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကျောက်ဆည်မြို့နယ် မြင်းကဘက်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဉာဏဝံသ၊ တောင်လတ်ကျောင်းဆရာတော် ဦးပဒုမ၊ စစ်ကိုင်းမြို့ ဇမ္ဗူပတိချောင် ဆရာတော် ဦးဝိမလ၊ လယ်တီဦးပဒုမ၊ ဦးသာဂရ၊ ဦးဥေယျာဓမ္မ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဦးပညာ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဆရာတော် ဦးသုန္ဒရ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးဂန္ဓမာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးနန္ဒိယ၊ မန္တလေးမြို့ ခင်မကန်ကျောင်းတိုက် စကုသူဌေးကျောင်း ဆရာတော် ဦးရေဝတ၊ အမရပူရမြို့ တူးမောင်းကျောင်းတိုက်မှ စာချ ဆရာတော်တို့ထံတွင် ပိဋကတ် အခြေခံကျမ်းစာများနှင့် တကွ ပါဠိ အဋ္ဌကထာဋီကာကျမ်းတို့ကို လေ့လာသင်ယူတော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ ဇမ္ဗူပတိချောင်တွင် (၁၀)နှစ်ကြာမျှ ရှင်/ရဟန်းတို့အား စာပေကျမ်းဂန်ပို့ချတော်မူခဲ့ပြီး အနန္တသူရိယချောင်တွင် ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ရှင်/ရဟန်းတို့အား ပါဠိ၊ အဋ္ဌကထာနေ့ဝါ ညဝါများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်၌ မူလဝိသောဓက၊ ပဋိဝိသောဓကအဖြစ် လည်းကောင်း၊ ရေစက်အသင်းဟောင်းကြီး၊ သီတဂူဥဒကဒါန၊ သီတဂူအာယုဒါနအဖွဲ့ကြီးများ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတွင် ဖဖပါး ဝန်ဆောင်အဖြစ်လည်းကောင်း၊နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသောဂုဏ်များနှင့် သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၃၅၃ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၁ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၉၉)နှစ်၊ သိက္ခာ(၇၉)ဝါအရ ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ရက် ၂၇-၈-၂၀၀၄ (သောကြာနေ့) ညနေ ၅နာရီ ၅၆မိနစ်တွင် အနန္တသူရိယချောင်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**ပေးအပ် ချီးမြှင့်**

**အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး လှဌေးဝင်းက တပ်မမှူး တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် ဆုရ ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ၂၀၀၄ခုနှစ် တပ်မမှူး တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် အင်းတိုင်တပ်နယ်ရှိ တပ်မဌာနချုပ် အားကစားပြိုင်ကွင်း၌ ကျင်းပရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင့်ဇနီး၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ/စစ်သည် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တပ်မမှူး ဗိုလ်မှူးကြီး လှဌေးဝင်းနှင့် တက်ရောက်လာကြသူများက ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယ ဆုရ အသင်းများအား တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး ပထမတံခွန်စိုက် ဒိုင်းဆုရ အသင်းအား တပ်မမှူး ဗိုလ်မှူးကြီး လှဌေးဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## A Myanmar Tapestry စာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၈**

The Myanmar Perspectives မဂ္ဂဇင်းမှ ပင်တိုင်ဆောင်းပါးရှင်နှင့် အယ်ဒီတာတစ်ဦးဖြစ်သည့် ပါမောက္ခ ဒေါ်ကြည်ကြည်လှ၏ လက်ရာဆောင်းပါးများမှ လက်ရွေးစင်ဆောင်းပါးတို့ကို စုစည်း၍ တော်ဝင်ပုံနှိပ်တိုက်က A Myanmar Tapestry အမည်ဖြင့် စာအုပ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ပါဝင်သည့် ဆောင်းပါးများမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဘဝအဖုံဖုံကို ဘက်စုံရှုထောင့်မှ စာရေးသူ၏ခံစားချက်ဖြင့် ထင်ဟပ်ကာ ခြယ်မှုန်းရေးသားထားခြင်းဖြစ်ရာ မြန်မာနိုင်ငံသားများအတွက် ဗဟုသုတဖြစ်စေသလို နိုင်ငံတကာအသိုင်းအဝိုင်းအတွက်လည်း စိတ်ဝင်စားစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ (သတင်းစဉ်)

**၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၂၈ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ၌ မြို့တော်စည်ပင်မှ ရဲမင်းအောင်၏ ရိုက်ချက်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ပိတ်ဆို့စဉ်။** (ကြေးမုံ)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံး ဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှု မရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။**

# ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)

သတင်းထောက်
သန်းဆွေ
(ပန်းဘဲတန်း)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးအား မြန်မာတစ်နိုင်ငံလုံး၏ စံပြနမူနာပြ မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် ကြိုးပမ်းတည် ဆောက်လျက်ရှိသည်။ အထက်ပါ ကြိုးပမ်းဆောင်ရွက်နေမှုများအနက် မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် ရေကောင်းရေသန့် သောက်သုံးရေများ ဖူလုံစွာ အစဉ်ရရှိနေစေရန် ဆောင်ရွက်နေမှုများကို ထုတ်နုတ်တင်ပြလိုပေသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့တော်နေ ပြည်သူများ သောက်သုံးရန် ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၄၄ သန်း၊ လှော်ကားရေလှောင်ကန်မှ ရေဂါလန် ၁၄ သန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အဝီစိတွင်းများမှ ရေဂါလန် ၁၀ သန်း စုစုပေါင်းရေဂါလန် ၉၅ သန်းကို နေ့စဉ်ဖြန့်ဝေလျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ကြသည့် လူဦးရေမှာ ၁၉၇၃ ခုနှစ်က သုံးသန်းကျော်သာရှိခဲ့ရာက ယခု ၅ ဒသမ ၈ သန်းကျော်အထိ တိုးတက်များပြားလာသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်သည် ၁၉၈၄ ခုနှစ်အထိ မြို့နယ် ၂၇ မြို့နယ်၊ ဧရိယာ စတုရန်းမိုင် ၈၀ ရှိခဲ့ရာက ၂၀၀၄ ခုနှစ်အရောက်တွင် ၃၃ မြို့နယ် ဧရိယာ ၂၆၅ စတုရန်းမိုင် ကျယ်ဝန်းလာခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း လူဦးရေနှင့် လူနေမှု အဆင့်အတန်းများ တိုးတက်မြင့်မားလာခြင်း အကြောင်းအရင်းများကို ခြုံငုံသုံးသပ်ပါက နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်မှုအပေါ် အခြေပြု၍ နိုင်ငံတစ်ဝန်းလုံးတွင် မြို့သစ်၊ ကျေးရွာသစ်များ အစီအရီ ပေါ်ပေါက်လာသည်နည်းတူ ရန်ကုန်မြို့တော်ကြီးတွင်လည်း သစ်လွင်လုပသော အဆောက်အအုံကြီးများ၊ တိုးချဲ့မြို့သစ်များ အများအပြား ပေါ်ပေါက်၍ ဖြစ်သည်။

ယခင် မြို့တော်အဓိကနေရာများရှိ သုံးထပ်၊ လေးထပ် အဆောက်အအုံ နေရာများတွင် ယခုမိုးမျှော် အဆောက်အအုံကြီးများ၊ ယခင်သာမန်အဆောက်အအုံနေရာများတွင် အထပ်မြင့် အဆောက်အအုံကြီးများ အစားထိုးပေါ်ပေါက်လာသည်။ အဆိုပါနေရာများ မြို့သစ်များတွင် လူဦးရေထူထပ်များပြားလာခြင်းကြောင့် လက်ရှိဖြန့်ဝေပေးလျက်ရှိသော ရေပမာဏသည် နောင်တစ်ချိန်တွင် ရေမလုံလောက်ဖြစ်လာနိုင်သည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် လက်ရှိတစ်နေ့ ရေဂါလန် ၉၅ သန်းအပြင် နောင်တစ်ချိန် ရန်ကုန်မြို့တော်၏ တိုးတက်မှုနှုန်းကိုချိန်ဆ၍ တစ်နေ့လျှင် ရေဂါလန်သန်း ၁၂၀ ထပ်မံဖြန့်ဝေနိုင်ရန် စီမံကိန်းရေးဆွဲခဲ့သည်။ အထက်ပါ စီမံကိန်းအား နိုင်ငံတော်အကြီးအကဲထံ တင်ပြအစီရင်ခံခဲ့ရာ နိုင်ငံတော်အကြီးအကဲက စီမံကိန်းပါလုပ်ငန်းများအား အချိန်တိုအတွင်း အမြန်ဆုံးအကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီး၌ ငမိုးရိပ် ရေလှောင်တမံ စီမံကိန်း စတင်ဆောင်ရွက်သည့် ၁၉၉၂-၉၃ ခုနှစ် ကတည်းကပင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ငမိုးရိပ်ရေလှောင်တမံမှ ရန်ကုန်မြို့တော်သို့ ရေပေးဝေနိုင်ရန် စီမံကိန်းရှိခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံ တည်ဆောက်ပြီးစီးသည့် ၁၉၉၄-၉၅ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တော်သို့ ငမိုးရိပ်ဆည်မှ ရေပေးဝေနိုင်ရန် စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ၁၉၉၇-၉၈ ခုနှစ်တွင် လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့သည်။ လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့သည့် ထိုအချိန်က အချင်း ၅၆ လက်မရှိ သံမဏိပိုက် ၈ ဒသမ ၅ မိုင်ကို သွယ်တန်းနိုင်ခဲ့သည်။

ယခုအခါ ကျန်ရှိနေသေးသော ပိုက်လိုင်း ၂၁ ဒသမ ၅ မိုင်ကို ငမိုးရိပ်ရေလှောင်တမံ ပင်မရေပေးတူးမြောင်းမှ (Open Channel) ရေခေါ်တူးမြောင်းဖြင့်လည်းကောင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ကွန်ကရစ်ပိုက်စက်ရုံမှ ထုတ်လုပ်သည့် ကွန်ကရစ်ပိုက်ကြီးများဖြင့် ဆက်သွယ်၍လည်းကောင်း ရေပေးဝေရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ငမိုးရိပ်ရေလှောင်တမံ ပင်မရေပေးတူးမြောင်းမှ မှော်ဘီမြို့နယ် အထယုကျေးရွာသို့ ရေခေါ်တူးမြောင်းဖြင့် ခုနစ်မိုင်ခန့်ကို ရေသွယ်ယူ၍ သဲရေစစ်ကန်များ (Rapid Sand Filter စနစ်ဖြင့် ရေသန့်စင်ပြီး ရေစုကန် သုံးကန်မှ တစ်ဆင့် ရေတွန်းစက်များဖြင့် လှော်ကားကန်နှင့် မြို့တွင်း၊ မြို့ပြင် မြို့နယ်များ၊ မြို့သစ်များသို့ ရေပေးဝေသွားမည်ဖြစ်သည်။

အထယုကျေးရွာရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)သည် ၂၁ ဧကကျယ်ဝန်းပြီး စီမံကိန်းဝန်းအတွင်း၌ စီမံကိန်းရုံး၊ ရေစစ်ကန်တစ်ကန်၊ ရေစုကန်သုံးကန်၊ ရေတွန်းစက်တစ်လုံးလျှင် တစ်နေ့ရေဂါလန်၁၅ သန်းတွန်းပို့နိုင်သော လျှပ်စစ်ရေတွန်းစက် ဆယ့်နှစ်လုံးတပ်ဆင်ထားသော ရေတွန်းစက်ရုံနှင့် ၃၃KV ဓာတ်အားခွဲရုံတို့ ထားရှိမည်ဖြစ်သည်။ ရေတွန်းစက်ရုံမှ ၂၄ နာရီ စဉ်ဆက်မပြတ် ရေတွန်းပို့နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ စီမံကိန်းတစ်ရပ်လုံးအတွက် ကျပ် ၄၀၉၂၆ သိန်းလျာထားသတ်မှတ်ထားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)အား တစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း လက်ရှိပေးဝေနေသည့် ရေဂါလန် ၉၅ သန်းအပြင် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)မှ တစ်နေ့ရေဂါလန် သန်း ၁၂၀၊ စုစုပေါင်း ရေဂါလန် ၂၁၅ သန်းကို ရန်ကုန်မြို့တော်နှင့် ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များသို့ ဖြန့်ဝေသွားနိုင်တော့မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကဦးတည်ချက်ဖြစ်သော ရန်ကုန်မြို့တော် ကြီးကို သန့်ရှင်းသာယာ၍ ကျန်းမာရေးနှင့် ညီညွတ်သော မြို့တော်ဆီသို့ ဆောင်ပုဒ်နှင့်အညီ ကမ္ဘာအေးရေကူးရေလှောင်ကန်၊ဗဟန်းမြို့နယ်ကုက္ကိုင်းရေလှောင်ကန်များအား အနယ်ထုတ်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ ဖူးကြီး၊ ဂျိုးဖြူ၊ လှော်ကားကန်များ၏ အဓိကရေသယ်ဆောင်သွားရာ ပင်မရေပိုက်ကြီးများအား ဆေးကြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။





ချေးများတွယ်ကပ်မှု မရှိစေရန် သံကြွပ်ပိုက်များအတွင်း ဘိလပ်မြေသရိုးကိုင်ထားသဖြင့် UPVC ပိုက်များကဲ့သို့ အဆင့်အတန်းမြင့်မားစွာ အသုံးပြုနိုင်သော သံကြွပ်ပိုက်များကို အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စီမံဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

**နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော သံကြွပ်ပိုက်များအတွင်း ချေးများမတွယ်ကပ်ရန် စီမံဆောင်ရွက်ထားခြင်း မရှိခဲ့သဖြင့် ချေးများ ပိတ်ဆို့နေသဖြင့် ရေစီးဆင်းရာတွင် ခက်ခဲနေကြောင်း တွေ့ရှိရသည်။**

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) အကောင်အထည်ဖော်ပြီးပါက ရေစီးဆင်းမှု မြန်ဆန်သွက်လက်စေရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် သက်ဆိုင်ရာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းများ အကူအညီဖြင့် လမ်းမတော်၊လသာ၊ပန်းဘဲတန်း၊ ကျောက်တံတား၊ တာမွေမြို့နယ်၊ ရပ်ကွက်များရှိ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသံကြွပ်ရေပိုက်များကို အစားထိုး ပြင်ဆင်သည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အချင်း ခြောက်လက်မ အကျယ်ရှိ မူလ သံကြွပ် ပိုက်များသည် နှစ်ပေါင်း ကြာမြင့်ပြီဖြစ်၍ ချေးများ ပိတ်ဆို့နေပြီး ရေစီးဆင်းမှု နှောင့်နှေးနေကြောင်း သိရှိရသည်။ ထို့ကြောင့် အတွင်းသား ဘိလပ်မြေ သရိုးကိုင်ထားသော သံကြွပ်ပိုက်များ၊ UPVC ပိုက်များဖြင့် အစားထိုးကာဆောင်ရွက်လျက်ရှိသည်။

ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း စတင်သည့်အခါတွင် နှစ်ကြာပြီဖြစ်သော မူလပိုက်ဟောင်းများ နှင့်သာဆိုပါက ရေစီးဝင်မှု နည်းပါးနိုင်၍ ယခုကတည်းက ပင်မ ရေပိုက်လိုင်းကြီးမှ သက်ဆိုင်ရာ ရပ်ကွက်များသို့ ကိုယ့်အားကိုယ်ကိုး ရေပိုက်သစ်များ သွယ်တန်းနိုင်ရေးပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရေဆင်း ဧရိယာ ၁၆၀ စတုရန်းမိုင်၊ နှစ်စည်ပျမ်းမျှ မိုးရေချိန် လက်မ ၁၀၀၊ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧကပေ ၆၄၀၀၀၀၊ တမံအမျိုးအစား မြေသားတမံ တမံအမြင့် ၇၅ ပေ (၂၂ ဒသမ ၈၅ မီတာ)၊ တမံအလျား ပေ ၁၅၅၀၀ (၄၇၂၅ မီတာ)၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၁၈၀၀၀၀၊ ကန်ရေသေရေလှောင် ပမာဏ ဧကပေ ၁၂၀၀၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၁၁၀၀၀ ရှိ ငမိုးရိပ်ရေလှောင်တမံကြီး။**

# မြစ်ရေအခြေအနေ

**ရန်ကုန် ဩဂုတ် ၂၈**

ချင်းတွင်းမြစ်ရေသည်ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်၊ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင်တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ခေတ္တမျှ ရောက်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**လှူမှုထူးချွန် (ပ ထ မ ဆင့်)၊ သီ ဟ သု ဓ မ္မ မဏိ ဇောတဓရ၊ သီရိသုဓမ္မမဏိဇော တ ဓ ရ ဦးသိန်းဝင်း နှင့် ဇနီး သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ၊ အဂ္ဂမဟာသီရိ သုဓမ္မသီဂီ ဒေါ်နီ၊သားသမီး၊ မြေး မြစ်တစ်စု (ရွှေသံလွင်ကုမ္ပဏီ မိသားစု) တို့က ကမ္ဘာအေးစေတီ မဟာဝိဇိနိဗ္ဗာဘော် ဘုရားကြီး ရွှေ စ လွယ် တော် အတွက် ပထမဆုံးအကြိမ် လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို ဒေါ်နီနှင့်မောင်ဖြစ်သူ ဦးအောင်မြင့်တို့က ဩဂုတ် ၁၈ရက်က လှူဒါန်းရာ ဂေါပက ဦးစောကြိုင်နှင့် ဦးမြသိန်းတို့က လက်ခံယူစဉ်။**

(က-ပ)

## နယ်စပ်ဘုန်းတော်ကြီးကျောင်းများသို့ သက်န်းလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

သာသနာရေးဝန်ကြီးဌာနမှ တစ်ဆင့် နယ်စပ်တောင်တန်းဒေသများရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းမည့်သက်န်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် သာသနာရေးဝန်ကြီးဌာနရုံးခန်း၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သက်န်းများကို လက်ခံသည်။အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂထံမှ သီလခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အလှူရှင် တိုင်းရင်းဆေးဆရာကြီး ဦးရွှေမြမိသားစုတို့က သက်န်းအစုံ ၂၀၀ကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

## သုခမိန် ကျေးလက်စာကြည့်တိုက်ဖွင့်

**ရန်ကုန် ဩဂုတ် ၂၈**

ကိုယ့်အားကိုယ်ကို "သုခမိန်" ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၆ရက် နံနက် ၁၀နာရီတွင် သာစည်မြို့နယ် ကြက်မောက်စံပြကျေးရွာ၌ ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဝင်းတင့်က လူငယ်လူရွယ်များ စာပေလိုက်စားမှု ရှိလာစေရေးနှင့် ကျေးလက် ပြည်သူများ ဗဟုသုတ ရှိလာစေရေးတို့အတွက် ကျေးလက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကို မြို့နယ် ပြန်/ဆက် ဦးစီးမှူးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(သတင်းစဉ်)


## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

၂၀၀၄ခုနှစ် ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၈-၂၀၀၄ရက်နေ့

၂၀၀၄ခုနှစ် စက်တင်ဘာလအတွက် ၁၂-၉-၂၀၀၄ရက်နေ့

နှင့်

၂၆-၉-၂၀၀၄ ရက်နေ့


## ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၂၈**

ပခုက္ကူမြို့နယ် ရေလာကြီးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက် "သူရိယရောင်ခြည်စာကြည့်တိုက်" ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၁၀နာရီတွင် အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်မောင်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်းကောင်း၊ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိက ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီး အမှာစကား ပြောကြားကြသည်။

ယင်းနောက် စာကြည့်တိုက်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်းလှည့်လည် ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

**အင်းစိန်အမက(၁) (ဗဟို) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၈ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာကြီး ဦးမောင်မောင်မြင့်က စတုတ္ထတန်း(ခ)မှ မစုသက်မောင်အား ဘက်စုံပထမ၊ ထူးချွန်ပထမနှင့် ဘာသာစုံပထမဆုများ ချီးမြှင့်ပေးအပ်စဉ်။**

(၆၁)


HLA SHWE

PIANO SERVICES

No (37/39), Daw Thein Tin street, Kandawgaly, MTNT, Yangon. Phone : 01 373 484, 09 500 9775

PRINCESS

☎ 535195

Town Ace Pickup

Ph : 251960, 251961, 251962

ဝန်ထမ်းအလိုရှိသည်။

DREAM , ☎ - 640530

ယဉ်ဝေလွင်(ဖြည်)

နှလုံးသား

ထွက်ပြီ

နာရီဆိုလျှင် ချယ်ရီဦး....

CHERRY OO WATCH GALLERY

EXCEL SHOPPING MALL

တွင် အဖိုးတန် အမျိုးမှန်နာရီများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။

ဆိုင်အမှတ် OM -03၊ အမှတ် ၅၂၀၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းအမှတ် ၅၅၉၃၇၇-လိုင်းခွဲ ၆၁၀၃

VICTORIA FANCY SHOP

ရွှေပုဇွန်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်။

ပြုံးပြုံးပျော်ပျော်ဈေးဝယ်ဖို့ "မစ်ဘတ်ဂျက်စီးယား" ကုန်တိုက်သို့ သွားကြစို့။

Open Daily - 9:00 Am ⇔ 9:00 Pm

☎ 515136, 505614

VICTORIA HYPER MART

EXCEL SHOPPING MALL (BASEMENT)

ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။

• Promotion ကာလအား 18-9-2004 ထိ တိုးမြှင့်ထိုက်ပါသည်။

• ဝယ်ယူအားပေးသူမိတ်ဆွေများအား ကျေးဇူးအထူးတင်လျက် ...

Open Daily-9:00 Am ⇔ 9:00 Pm

☎703778,559377, Ext : 6171

# မန္တလေးတိုင်း စည်ပင်ညွှန်ကြားရေးမှူး မြေအောက်ရေတူးဖော်မှု ကွင်းဆင်းကြည့်ရှု

**မိတ္ထီလာ ဩဂုတ် ၁၈**

မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှသည် မိတ္ထီလာမြို့သို့ ရောက်ရှိစဉ် မိတ္ထီလာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာမြို့အား သန့်ရှင်းသော သောက်သုံးရေ ပေးဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည့် မဟာစည်ကွက်သစ် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းခွင်သို့ ဩဂုတ် ၁၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူးဦးဆန်းဝင်းတို့က လေးလက်မ အစမ်းတွင်း တူးဖော်ပြီးစီးမှု၊ ၁၀ လက်မထုတ်လုပ်ရေးတွင်းများ တူးဖော်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

**အရှိန်အဟုန်မြှင့်**

တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ရေအရည်အသွေး ကောင်းမွန်ရေး၊ အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းအား အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

(က–ပ)

**ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဌာနပေါင်းစုံ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က ဖားကန့်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပစဉ်။**

(ဉာဏ)

# ရေပူ–ညောင်သုံးပင်ကတ္တရာလမ်း စံချိန်စံညွှန်းပြည့်မီရေး ကွင်းဆင်းကြီးကြပ်

**မိုးကုတ် ဩဂုတ် ၁၆**

မိုးကုတ်မြို့နယ် ရေပူ–ညောင်သုံးပင်လမ်း အရှည်ပေ ၂၈၀၀၊ အကျယ် ၁၀ ပေကို ရှမ်းစုရပ် ဦးအောင်စိုးဦး–ဒေါ်ချိုချိုထွန်း မိသားစုက ငွေကျပ် ၇၂ သိန်းလှူဒါန်းငွေဖြင့် ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၃ ရက်က မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သီသီဆွေတို့က အရည်အသွေးမီစံချိန်စံညွှန်း ပြည့်မီရေးအတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။

အဆိုပါလမ်းပြီးစီးသွားပါက မိုးကုတ်မြို့နယ်နှင့် ရေပူကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ ကိုးလန်ကျေးရွာ၊ ကျောက်ဆောင်ကျေးရွာ၊ ဘော်ဗဒန်းကျေးရွာ၊ သဒ္ဒတ်သျှိုကျေးရွာများသို့ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ပြီး မြို့ရောင်လမ်းသစ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

**(မြို့နယ်စည်ပင်)**

**ဩဂုတ် ၁၀ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်နေသော ဘုတလင်–မောင်းထောင်ကျေးလက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး စစ်ဆေး ဆောင်ရွက်စဉ်။**

(က–ပ)

# ဖျာပုံမြို့နယ် ရေစီးရေလာကောင်းမွန်ရေး မြို့နယ်စည်ပင်နှင့် ရပ်ကွက်ညှိနှိုင်းဆောင်ရွက်

**ဖျာပုံ ဩဂုတ် ၂၀**

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တာဝန်ရှိသူများ၊ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး(ဒုတိယညွှန်ကြားရေးမှူး)တို့သည် ဩဂုတ် ၁၆ ရက်က ဖျာပုံမြို့ ရပ်ကွက်လေးရပ်ကွက်အတွင်းရှိ ပထမလမ်း၊ ဒုတိယလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းဘေး ဝဲ၊ ယာရှိ ရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေး လိုက်လံစစ်ဆေးကြည့်ရှုကြသည်။

ရေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပထမလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံတွင် ရေစီးရေလာ ပိုမိုကောင်းမွန်ရေးအတွက် ရေဖြတ် အုတ်မြောင်းတစ်ခုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်၍ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ဖြင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားမှုအရ ရေဖြတ်အုတ်မြောင်း အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။**(ဒ၈၃)**

# မိုင်းယောင်းမြို့ သာယာလှပသန့်ရှင်းရေး ညွှန်ကြားရေးမှူးနှင့် အဖွဲ့ စစ်ဆေးကြီးကြပ်

**မိုင်းယောင်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်၊ မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းတို့က မိုင်းယောင်းမြို့နယ်သာယာလှပရေး ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းများသည် ဩဂုတ် ၁၀ ရက်က မိုင်းယောင်းမြို့၊ မြို့ဝင်ဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင်သာယာလှပသန့်ရှင်းရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုအား ကွင်းဆင်း ကြည့်ရှုစစ်ဆေး ကြီးကြပ်ပေးခဲ့သည်။**(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

# ပန်းအလှပင်များစိုက်ပျိုး

**မိုးညို ဩဂုတ် ၁၅**

မိုးညိုမြို့ သန့်ရှင်းသာယာလှပရေး ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းဘေးဝဲ/ယာတွင် ပန်းအလှပင်များစိုက်ပျိုးခြင်းကို ဩဂုတ် ၁၀ ရက်က မြို့နယ်စည်ပင်ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်နှင့်အငယ်တန်း အင်ဂျင်နီယာ–၃ ဦးထွန်းသန့်တို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(က–ပ)**

**ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေ၊ သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသိန်းတို့ ဩဂုတ် ၁၉ ရက်က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေကြို့ပင်လမ်း မြေသားပထမအလွှာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# မင်းလှမြို့နယ် စစ္စနို–လယ်လှကျေးလက်လမ်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဖောက်လုပ်

**မင်းလှ ဩဂုတ် ၁၇**

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဖောက်လုပ်မည့် စစ္စနို–ရေနံမ–ကန်တုတ်ကျေးလက်လမ်းမှ စစ္စနို–လယ်လှ လမ်းအပိုင်းအား ဩဂုတ် ၁၁ ရက်က စတင်ဖောက်လုပ်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်၊ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)နှင့် မင်းဘူး၊ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ အင်ဂျင်နီယာများပါဝင်သော အဖွဲ့ဖြင့် လုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(က–ပ)**

**မြို့နယ်သတင်းများ**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**မိုးညှင်းမြို့နယ် ပျော်ဘွယ် ဇောတိကုန်း ကျေးရွာ မူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ပြန်/ဆက်ဦးစီးမှူး ဦးဟန်ငိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

# တမူးမြို့ ဥယျာဉ်မြို့ဖြစ်ရေး စည်ပင်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်

**တမူး ဩဂုတ် ၁၆**

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ဥယျာဉ်မြို့ဖြစ်စေရေးအတွက် အဖွဲ့ပျိုးဥယျာဉ် (၂)၊ (၃) ရှိ ပျိုးဥယျာဉ်အတွင်းမှ ပျိုးပင်များ ပျိုးထောင်ပြင်ဆင်ခြင်း၊ ပေါင်းသင်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၁၄ ရက်က စုပေါင်းဆောင်ရွက်ကြသည်။ တမူးမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် ဥယျာဉ်မြို့တော် ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပန်းအလှပင်များ ရရှိရေးအတွက် ဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ ဦးသောင်းညွှန့်က ကြီးကြပ်ဆောင်ရွက်ခဲ့ရာ ပျိုးပင်ပေါင်း ၁၁၀၀၀၀ ပျိုးထောင်ပြီးစီးကြောင်း သိရသည်။

**(က–ပ)**

## ဩဂုတ်မောင်နှမအတွက် မွေးနေ့ဆုမွန်

၂၈-၈-၂၀၀၄ ရက်နေ့မှာကျရောက်ခဲ့သော သားကြီး မောင်ကောင်းထိုက်ကျော်၊ ၂၆-၈-၂၀၀၄ ရက်တို့တွင် ကျရောက်ခဲ့သောသမီးလေး မဖူးပွင့်ကေခိုင်တို့၏ မွေးနေ့မှသည် သက်ဆုံးတိုင် ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ သာယာဖြောင့်ဖြူးသော ဘဝခရီးလမ်းကိုလျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---။

**ဖေဖေ ဦးစိုးလွင်-မေမေဒေါ်ခင်လေးနိုင်**
**သားသား - အောင်မြတ်ဖုန်း။**

## မွေးနေ့ဆုတောင်း

**ဦးအောင်မောင်း[လ/ထအင်ဂျင်နီယာ၊ သံလွင်တံတား(မော်လမြိုင်)]**

ချစ်သောဖေဖေကြီး၏ ၂၉-၈-၂၀၀၄ နေ့တွင်ကျရောက်သောရွှေရတုမွေးနေ့မှသည် ကျန်းမာပျော်ရွှင်ချမ်းမြေ့သောမွေးနေ့ပေါင်း(၁၀၀)တိုင်ပါစေ။

**မေမေ - ဒေါ်မာမာ**
**သမီးကြီး - အင်ကြင်းခင်**
**သမီးငယ် - နှိုနှိုအောင်**
**သားငယ် - သီဟအောင်**

① Computerized Accounting (12Weeks)
Book-keeping & M.Y.O.B Software

② Basic Computer Course (8 Weeks)

☎ 240456 , 250621

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၂၆/မမ/ဆက်သွယ်ရေးပစ္စည်း (CTM)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Solar Module/Charge Controller/Cable | 1-Lot |
| 2. | 12V,Lead Acid Battery 120/200AH | 95-Nos |
| 3. | Inverter 24 Vdc,230Vac | 15-Nos |
| 4. | PVC 3/029 Twin Wire (300'/Coil) | 15-Coils |
| 5. | Angle 2 $\frac{1}{2}$"x2 $\frac{1}{2}$" x $\frac{1}{4}$"(20'L) | 135-Nos |
| 6. | Bolt & Nut No.10 (2"L) | 90-Doz |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** -၂၀-၉-၂၀၀၄(တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၈-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊ ၆၁၃။**

## လက်ထပ်ပြီးစီးခြင်း

(ဒေါက်တာဦးစစ်သန်းဦး)-ဒေါက်တာဒေါ်တင့်လျှမ်းဝေ
(ဒု-ညွှန်ကြားရေးမှူး)၊ကျန်းမာရေးဦးစီးဌာန(ငြိမ်း)တို့၏သား

**မောင်လွန်းဝေ 2nd YEAR Y.I.T°**
**SECOND MATE (F.G) [ECHO Shipping Co.,Ltd]**
**နှင့်**

ဦးသန်းအုန်း (Chairman; NADIOO Co., Ltd)-
ဒေါ်သိန်းသိန်းရီ၊ (ဦးဇော်ဝင်း)-ဒေါ်မြမြသိန်း
(အမက-၁၀၊ စမ်းချောင်း) တို့၏သမီး

**မမေသက်ဇော် B.Sc (Zool) Q**
**ACCOUNTANT [C.H LINE S.A]**

တို့သည် ၂၅-၈-၂၀၀၄ ရက်နေ့တွင်နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူညီမှုအရ ဒေါ်ကျင်စန်း(ညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး) ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်လွန်းဝေ-မမေသက်ဇော်**

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် - ၃၃/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၅ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများအလိုရှိပါသည်-

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| လက်ထောက်ကထိက(ဂီတ) | ဝိဇ္ဇာဘွဲ့(ဂီတ) | ၁နေရာ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀-၉-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၉-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် -၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၉-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၉-၁၀-၂၀၀၄နေ့နှင့် ၁၀-၁၀-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၇-၁၀-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com. mm တွင်လည်းဖော်ပြထားပါသည်။

Great Wall
Foreign Language Center

FAME
# Plasmogine®

DRAGON GROUP CO., LTD. [illegible]

1. Assistant to Managing Director ---------- 1 ဦး
2. Area Sales Manager ---------- 3 ဦး
3. Sales Admin ---------- 1 ဦး
4. Assistant Admin Manager ---------- 1 ဦး
5. Assistant Production Manager ---------- 1 ဦး
6. Production Supervisor ---------- 1 ဦး
7. Quality Control Supervisor ---------- 2 ဦး
8. Admin Officer ---------- 1 ဦး
9. Sales Supervisor ---------- 3 ဦး

[illegible]

SAYA-TONY

IELTS = Sat, Sun

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

## တင့်တင့်အောင်

- အမြန်အတတ်အပ်ချုပ်သင်တန်း
- စင်တီမီတာ(သို့မဟုတ်)လက်မနည်း
- ခေတ်မီပုံဆန်းအပ်ထည်များအမြန်လက်စံချုပ်ပေးသည်။
- အမှတ် (၁၁၄) -၃၈လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

☎ -245366

## ဖခင်အမည်မှန်

အထက(၁)လှိုင်၊ဒသမတန်း(D)မှ မောင်သန်းဇော်ဦး၏ဖခင်မည်မှန်မှာ ဦးကျော်ငြိမ်း [၅/ကလန(နိုင်)၀၂၈၀၆၄]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ် ထင်းရှူးအထက ဒသမတန်းမှ မောင်မင်းမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျင်သောင်း[၁၀/သဖရ(နိုင်)၀၅၃၀၈၆]ဖြစ်ပါကြောင်း။

## အမည်ပြောင်းခြင်း

အဖဦးမြင့်သန်း၏သားအလက(၅)ရန်ကင်း၊ အဋ္ဌမတန်း(A)မှ မောင်ဝင်းကြည်ဟန်အား မောင်ပြည့်ဖြိုးပိုင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်ဖြိုးပိုင်။**

## သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| ၁။ | ဒေါ်ခင်စောမူ | ၁၂/အစန(နိုင်)၀၈၆၈၇၉ | ၀၀/၁၇၊ ၇-ရပ်ကွက်၊ ဒဂုံအရှေ့ | ဒဂုံအရှေ့ | ၇ | ၀၀/၁၇ | ဦးရှိန်ဝင်း | အမည်ပြောင်း |
| ၂။ | ဒေါ်ကြူကြူ+၆ | ၁၂/စခန(နိုင်)၀၅၃၇၀၂ | ၂၅၁၊ ဗားကရာလမ်း၊ စမ်းချောင်း | စမ်းချောင်း | ၂၉-C | ၄၉ | ဒေါ်ကြူကြူ+၆ | ဂရန်မိတ္တူ |
| ၃။ | ဒေါ်ခင်မိုးလွင် | ၁၂/မဂတ(နိုင်)၀၆၂၄၂၀ | ၁၁၊ သခင်အုန်းခင်လမ်း၊ ၂၈-ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံတောင် | ၁၈ | ၁၅၁၄/ခ | ဦးစိန်ဝင်း | အမည်ပြောင်း |
| ၄။ | ဒေါ်သန်းလွင် | ၁၂/မရက(နိုင်)၀၃၉၃၃၈ | ၁၅၉/၂၈ ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၂၈ | ၁၅၉ | ဦးပေါက်စ | မြေပုံကူး |
| ၅။ | ဒေါ်သန်းသန်းမြ | ၁၂/လသန(နိုင်)၀၁၉၈၈၆ | ၅၈၂ ၁၁၈-ရပ်ကွက်၊ ဒဂုံအရှေ့ | ဒဂုံအရှေ့ | ၁၁၈ | ၅၈၂ | ဒေါ်မြ | ဂရန်သစ် |
| ၆။ | [illegible] | ၁၂/အစန(နိုင်)၁၇၅၂၆၁ | ၃၂ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်၊ အင်းစိန် | ဒဂုံဆိပ်ကမ်း | ၇၉ | ၉၄၃ | ဒေါ်တင်ထွန်း | ဂရန်သစ် |
| ၇။ | ဦးမြသိန်း-ဒေါ်ခင်ညိုအေး | ၁၂/ဗဟန(နိုင်)၀၄၇၀၁၅ | ၅၇၊ သုခမလမ်း၊ ဗဟန်း | ဗဟန်း | ၁၅-CG | ၅၇၉ | ဦးမောင်ရွှေ၊ ဦးဟံစိုး | အမည်ပြောင်း |
| ၈။ | ဒေါ်သီတာဝင်း | ၁၂/ဥကတ(နိုင်)၀၃၃၁၂၅ | ၁၆၊ ပုလဲလမ်း၊ ဘဏ်ရိပ်သာ၊ ဗဟန်း | တောင်ဥက္ကလာပ | ၆ | ၂၇၉(ခ) | ဒေါ်စန်းကြည် | အမည်ပြောင်း |
| ၉။ | ဒေါ်အေးအေးနိုင် | ၁၂/လသန(နိုင်)၀၁၇၇၈၅ | ၁၅၅ ၁၂-လမ်း | လမ်းမတော် | ၂၂-Y$^{2}$ | V ၂၉၂ | ဦးတင်ဝင်း | အမည်ပြောင်း |
| ၁၀။ | ဒေါ်လွင်လွင်သန်း | ၁၂/ပဇတ(နိုင်)၀၀၃၆၈၅ | တိုက်-၁၃၊ အခန်း-၂၅ မာယာလမ်း၊ လှိုင်မြို့သစ်ရိပ်မိုးသာ၊ လှိုင် | ဒဂုံတောင် | ၅၅ | ၇၉၀ | ဦးထွန်းထွန်း | ဂရန်သစ် |
| ၁၁။ | ဦးသိန်းမောင် | ၉/မရတ(နိုင်)၀၆၀၀၂၉ | ၁၆၊ ကွင်းကျောင်း(၁)လမ်း၊ ဆင်မင်းရပ်ကွက် | အလုံ | ၂၃-D$^{2}$ | ၂၂၁ | မတင်အောင် | မြေပုံကူး |
| ၁၂။ | ဦးမောင်တိုး+၁ | ၁၂/ဥကတ(နိုင်)၀၈၅၇၉၉ | ၁၉၃၊ ၂၉-လမ်း (၁၀)ရပ်ကွက်၊ တ/ဥ | တောင်ဥက္ကလာပ | ၁၀ | ၂၈၇/ခ | ဒေါ်စိန်မေ+၁ | ဂရန်သစ် |
| ၁၃။ | ဦးသီဟ | ၁၂/စခန(နိုင်)၀၀၁၇၁၉ | ၆၃၆/၄၆ ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၄၆ | ၆၃၆ | ဦးတင်ကြည် | ဂရန်သစ် |
| ၁၄။ | ဦးကြည်ထွန်း | ၁၂/အစန(နိုင်)၁၆၄၇၈၆ | ၁၀၄၇/၃၄-ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၃၄ | ၁၀၄၇ | ဦးလင်းဝင်း | အမည်ပြောင်း |
| ၁၅။ | ဒေါ်မြကေသီ | LTA ၀၀၅၃၀၆ | ၈/၆၇-၁-၄၂ ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၄၂ | ၈/၆၇-၁ | ဦးရှိန်ဝင်း | အမည်ပြောင်း |
| ၁၆။ | ဒေါ်ကျင်သန်း | ၁၂/တမန(နိုင်)၁၁၀၈၈၃ | ၉၀၊ ၁၅၇-လမ်း၊ တာမွေ | ဒဂုံတောင် | ၇၁ | ၁၅၄၀(ခ) | ဒေါ်ခင်လှဝေ | ဂရန်သစ် |
| ၁၇။ | ဒေါ်မြိုင်ဝင်း | ၁၂/ပဘတ(နိုင်)၀၀၉၈၀၂ | ၇၀-A၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်း | ဗဟန်း | ၂-အိုင် | ၄၃၈R/၁-A$^{2}$ | မောင်သိန်းမြဲ+၂ | အမည်ပြောင်း |
| ၁၈။ | ဒေါ်လှသိန်း | ၁၂/ဥကတ(နိုင်)၀၅၅၄၂၉ | ၄၁/ခ ၁၂-ရပ်ကွက်၊ ဒဂုံအရှေ့ | ဒဂုံအရှေ့ | ၁၂ | ၄၁/ခ | ဒေါ်ခင်သိန်း | ဂရန်သစ် |
| ၁၉။ | ဒေါ်တင်စိန် | ၁၂/စခန(နိုင်)၀၈၆၂၅ | ၇၁၊ စမ်းချောင်းလမ်း၊ စမ်းချောင်း | စမ်းချောင်း | ၂၇-C$^{3}$ | ၁၉၀ | ဦးမောင်မောင်+၁ | မြေပုံကူး |
| ၂၀။ | [illegible] | ၁၂/ပဘတ(နိုင်)၀၂၇၆၄၄ | ၄၇၅ မြည်လမ်း | ကမာရွတ် | ၈၂ | ၂၇ | ဒေါ်လှခင်မကြီး(ခ)လှစိုးသူ | အမည်ပြောင်း |

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တိုက်ခန်းရောင်းရန်ရှိသည်

အမှတ်(၉)၊ (၉၉)လမ်း၊ တိုက်(၃)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာစက်မှုဇုန်။အဆင့်မြင့် ပြင်ဆင်ပြီး၊ Air Con ၂လုံးပါသည်။ ဦးရာလူ ဦးစားပေးမည်။ အလျှော့အတင်းရှိသည်။

**ဆက်သွယ်ရမည့်ဖုန်း -မနီနီခိုင် ၇၂၆၇၅၂၊ ၇၀၀၂၁၈၊ ၆၃၆၄၄၈ (ဦးကြည်စိုးမော်-၅၃၆၆၀၁)**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်အောင်ကိုလတ် [၁၄/ကကန(နိုင်)၀၀၀၆၁၄] သည် မိသားစု စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**ဦးအင်နုများ(ခ)**
**ဦးယူနွတ်-ဒေါ်သန်းကြွယ်**
**ကျောင်းကုန်းမြို့၊**
**အမှတ်(၂)ရပ်ကွက်။**

# လွှမ်းချင်း
ကိုရီးယားဘာသာသင်တန်း
ဘာသာစကားကျွမ်းကျင်မှုဖြင့် ဘဝနေ့သစ်
အမှတ် ၃၊ ပါရမီလမ်းနှင့် သံသုမာလမ်းထောင့် တောင်ဥက္ကလာပ

PRACTICAL
**English Speaking**
P.E.S. U WIN MAW ( RESEARCH )
၁။အခြေခံGrammar & Speaking (၄)လ
၂။Phonetics ........................ ၁-၃လ
၃။Spoken English ( Advanced )(၄)လ
၄။Grammar ( Advanced ) ........ (၄)လ
၅။Reading & Vocabulary ......(၄)လ
HEADWAY သင်ခန်းစာရှိ Levelအားလုံးကို အခမဲ့သင်ကြားပေးသည်။ ☎ 503984 222428

B.E(Electronic),M.E(Electronic)
**All-In-One A+ Computer Hardware Engineering** သင်တန်း
Computer Hardware System
Computer Hardware Installation
Computer Software Installation
Computer Maintenance & Upgrading
Computer Troubleshooting & Repairing
Virus Protection & Cradication
Data Backup and Recovery
Basic Computer Networking
Internet & E-mail Installation
DOS, Win 95/98/Me / XP OS
သင်တန်းကြာမြင့်ချိန် : ( ၃ လ )
သင်တန်းနေရာ : **TNT Computer Systems**
Phone : 720910, 726194, 09-5007046, 09-8020059. Fax : 556384.


## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၄၁) ဒုတိယထပ်နေ ဦးအောင်ဝင်း(ခ)ဦးနေလင်းဆိုင် (ALE -၀၀၉၆၃၉)နှင့် Toyota Mark II မော်တော်ယာဉ်အမှတ်–သ/၂၁၁၇ လက်ဝယ်ရှိသူတို့သိစေရန်သတိပေးကြေညာချက်

Toyota Mark IIမော်တော်ယာဉ်အမှတ်–သ/၂၁၁၇သည် ဦးတင်ရွှေ[၁၃/ကတန(နိုင်)၀၂၄၃၈၉]၏အမည်ပေါက်သော မော်တော်ယာဉ်ဖြစ်ပြီး ဦးတင်ရွှေထံမှ ဦးအောင်ဝင်း(ခ)ဦးနေလင်းဆိုင်က ၂-၁၂-၂၀၀၃နေ့စွဲပါ နှစ်ဦးသဘောတူ မော်တော်ကားအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဦးအောင်ဝင်း(ခ)ဦးနေလင်းဆိုင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ၂၂-၁-၂၀၀၄နေ့စွဲပါ နှစ်ဦးသဘောတူ မော်တော်ကားအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ဦးအောင်ဝင်း(ခ)ဦးနေလင်းဆိုင်မှ အဆိုပါမော်တော်ယာဉ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေထံမှ (၃)လခန့် လပေးဖြင့် ပြန်လည်ငှားရမ်းခဲ့ရာ ငှားရမ်းသည့် ပထမလမှစ၍ပင် ငှားရမ်းခများ လုံးဝလာရောက်ပေးအပ်ခြင်း မပြုသည့်အပြင် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် လုံးဝအဆက်အသွယ်မပြုဘဲ မော်တော်ယာဉ်နှင့်တကွ တာဝန်မဲ့စွာရှောင်တိမ်းလျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ ဦးအောင်ဝင်း(ခ)ဦးနေလင်းဆိုင်နှင့်တကွ မော်တော်ယာဉ်အမှတ်–သ/၂၁၁၇ Toyota Mark IIမော်တော်ယာဉ်လက်ဝယ်ရှိသူတို့သည် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ဆက်သွယ်ဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| ဦးဇော်မြင့်(မြိတ်) | ဦးထွန်းသာမောင် | သင်းကြူစိုး |
|---|---|---|
| (B.A.,LL.B.) | (LL.B.) | (LL.B.,LL.M.) |

**တရားရုံးချုပ်ရှေ့နေများ**
**အမှတ်(၅၅)၊ အခန်း(၂၃)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၃၇၂၈၀၄၊ ၇၂၅၇၉၀၊ ၇၂၆၀၄၀၊ ၀၉-၅၀-၀၈၄၄၅**
**E-mail:zm-myeik@myanmar.com.mm**

## ဒေါ်ခင်ဌေးဝင်း(ခ) ဒေါ်ဌေးဌေးဝင်းနှင့် ဒေါ်ခင်ဝင်းရီတို့၏ သတင်းစာပါကြေညာချက်အပေါ် ပြန်ကြားဖြေရှင်းခြင်း

ကြေးမုံသတင်းစာ (၃-၈-၂၀၀၄) နေ့စွဲပါတွင်ဖော်ပြထားသည့် အများသိစေရန်ကြေညာချက်အပေါ် အောက်ပါအတိုင်း ပြန်ကြားဖြေရှင်းပါသည်။ အထက်ဖော်ပြပါ ဒေါ်ခင်ဌေးဝင်းနှင့် ဒေါ်ခင်ဝင်းရီတို့မှာ ကျွန်မဒေါ်ရင်ရွှေနှင့် ကွယ်လွန်သူခင်ပွန်းဦးဟံမြင့်တို့၏ သမီးရင်းချာများဖြစ်ကြပါသည်။ မိဘတို့၏ ဝတ္တရားအရ ၎င်းတို့အားလက်ထပ်ထိမ်းမြားပေးပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်၍ ၎င်းတို့၏မိသားစုများနှင့်အတူ သီးခြားအိမ်ထောင်ခွဲနေထိုင်ကြသူများဖြစ်ပါသည်။ ကြေညာချက်တွင်ပါရှိသည့် (၁) ပန်းဘဲတန်းမြို့နယ်၊ ၂၉-လမ်း၊ အမှတ် (၄၉-က) တိုက်ခန်းနှင့်ဖုန်းအမှတ် ၂၄၃၂၈၉၊ (၂) မဟာဗန္ဓုလလမ်း၊ အမှတ် (၄၉၅)၊ အခန်း(၁)နှင့်ဖုန်းအမှတ် ၂၄၆၃၉၇ နှင့် (၃) မဟာဗန္ဓုလလမ်း၊ အမှတ် (၄၉၉–ဘီ)တို့မှာ ကျွန်မနှင့် ခင်ပွန်းဦးဟံမြင့်တို့၏ လက်ထပ်ပွားပစ္စည်းများဖြစ်၍ တက်သစ်စကနောင်ရွှေဆိုင် (၁)၊ (၂) အမည်ဖြင့် လုပ်ကိုင်နေထိုင်လျက်ရှိပါသည်။ ခင်ပွန်း ဦးဟံမြင့်မှာ (၂၀၀၂) ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်၍ ကျွန်မသာလျှင် ပိုင်ဆိုင်ခွင့်ရှိလာပါသည်။ မိခင်ကြီးသက်ရှိထင်ရှားရှိနေပါလျက် မိဘအမွေရပိုင်ခွင့်မရှိသေးသော သမီး(၂)ဦးမှ အထက်ဖော်ပြပါတိုက်ခန်း ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း စသည်တို့မပြုလုပ်ရန် ကန့်ကွက်ကြေညာလာခြင်းဖြစ်ပါသည်။ ကျွန်မတွင် သားသမီး (၈)ဦးရှိရာ ကျန်သားသမီး (၆) ဦးနှင့်ကျွန်မ မုဆိုးမမိခင်တို့ကို ဂုဏ်သိက္ခာထိခိုက်စေရန် ပြုမူဆောင်ရွက်လာခြင်းဖြစ်ပါသည်။ သမီးဖြစ်သူ ဒေါ်ခင်ဝင်းရီမှာ ကျွန်မ၏ တက်သစ်စကနောင်ရွှေဆိုင် (၂) ထပ်ခိုးပေါ်တွင် အရေးပေါ် ခေတ္တခဏအခမဲ့ နေထိုင်ခွင့်ပြုထားရာ ဖယ်ရှားခိုင်းသော်လည်း ယနေ့ထိဖယ်ရှားမပေးဘဲ မိခင်ကြီးနှင့် ကျန်သားသမီး (၆)ဦးတို့အပေါ် စိတ်ဆင်းရဲကိုယ်ဆင်းရဲအောင် ပြုလုပ်လျက်ရှိနေပါ၍ အမှတ်(၆)ရပ်ကွက် လူကြီးများထံတွင် တိုင်တန်းထားရကြောင်း အများသိစေရန် ပြန်ကြားဖြေရှင်းပါသည်။

**ဒေါ်ရင်ရွှေ**
**[၁၂/ပဘတ(နိုင်)၀၁၅၂၁၂]**


**ဒေါ်ခင်မြတ်ဆု(ဘာသာပြန်၊ ညှိလမ်းညွှန်)**
**B.Sc(Chem.),Dip.in Japanese(UFL)**
**ဂျပန်ဘာသာ ရေး၊ ဖတ်၊ ပြော**
**အခြေခံ Kiso-1, 2 Sept တန်းခွဲသစ်ဖွင့်ပြီ**
**အင်တာဗျူးတစ်လ၊ နိုင်ငံခြားသွားတစ်လ**
**140/7, 48 St, Botataung Ph: 296221.**

**Top English** အယ်ဒီတာချုပ် ဆရာမိုးမြင့်မောင် ၏
GRAMMAR တန်းခွဲသစ် SEPTEMBER 2 စမည်။
PHONETICS တန်းခွဲသစ် SEPTEMBER 4 စမည်။

**မြနံ့တောင်း** တိုင်းရင်းဆေးဆောက်နှံ


### ဖခင်အမည်မှန်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အထက(၁)၊ ဒသမတန်း(က)မှ နန်းမြတ်စုထွေး၏ ဖခင်အမည်မှန်မှာ ဦးအိုက်စံ[၁၃/လရန(နိုင်)၀၂၉၉၈၇] ဖြစ်ပါကြောင်း။


# လှူ ထူ
**သံပန်းသံတံခါး**
၁၄၊ ၁၆၇လမ်း၊ တာမွေ
Ph: 541722, 590922


### ပြင်ဆင်ဖတ်ရှုပါရန်
၁၇-၆-၂၀၀၄ရက်ထုတ် ကြေးမုံသတင်းစာ မြေပုံကူး ကန့်ကွက်နိုင်ကြောင်း စာစဉ်(၁၀)ပါ လျှောက်ထားသူအမည် ဦးတင်စိန်+၁အစား ဒေါ်အေးကြည်+၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သတိပေးတားမြစ်ခြင်း
သာကေတမြို့နယ်(၃)ရပ်ကွက်၊ ရန်ပြေ(၈)လမ်း၊ အိမ်နံပါတ်(၅/ခ)ရှိ ခြံနှင့်မြေ/ဘ/၅၂၈၄(တက္ကစီ)ကားအား ကျွန်တော်မသိဘဲရောင်းဝယ်ပေါင်နှံခြင်း မပြုရန် တားမြစ်ပါသည်။
**စောမင်းဦး**
**[၁၂/သလန(နိုင်)၀၇၂၈၀၃]**

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း
ကျွန်တော်၏ဇနီးဖြစ်သူ မညိုညို ချော[၁၀/မလမ(နိုင်)၁၀၈၅၅၂]သည် ခင်ပွန်းဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ကာ ၂၉-၅-၂၀၀၃ရက်နေ့တွင် မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။ **မိုးကျော်သူ**
**[၆/ထဝန(နိုင်)၀၀၈၂၉၆]**

### မွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်း
ဖြူးမြို့၊ ၂လမ်း၊အိမ်အမှတ်(၂၅)နေ ဦးမောင်မြင့် [၇/ကကန(နိုင်)၀၂၉၄၄၈] ဒေါ်ခင်မမ[တီဂီအို-၁၃၂၀၉၆]တို့၏ မွေးစားသားဖြစ်သူ မောင်ဟာဇစ်(ခ)ဇော်မင်းသည် မွေးစားမိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အုပ်ထိန်းသူ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် မွေးစားသားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်လိုက်သည်။
နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးမောင်မြင့်–ဒေါ်ခင်မမ**
**မွေးစားမိဘများ**
**အိမ်အမှတ်(၂၅)၊(၂)လမ်း၊ဖြူးမြို့။**

## ဦးမျိုးသန့် အသက်(၅၉)နှစ်
**(ပျော်ဘွယ်)**
ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ (ဦးတင်မောင်–ဒေါ်ခင်ညွန့်) တို့၏သား၊ ဒေါ်နုနုရီ (အထပြ)၏ ချစ်လှစွာသော ခင်ပွန်း၊ တပ်ကုန်းမြို့နေ ဦးလှမြင့်–(ဒေါ်ခင်ခင်မကြီး)တို့၏ညီ၊ ရန်ကုန်မြို့နေ ဦးတင်အေး–ဒေါ်ခိုင်ငြိမ်းဇော်၊ ဦးမျိုးညွန့်–ဒေါ်ခင်ခင်စိန်၊ ဦးတင်အောင်–ဒေါ်စန်းစန်းမြင့်တို့၏ အစ်ကိုကြီး၊ မမိမိသန့်၊ ကိုသန့်စင်မျိုး–မသင်းသင်းစိုး၊ ကိုဇော်ဝေချော–မရီရီသန့်တို့၏ဖခင်၊ အေးမြတ်နိုးသန့်၏ အဘိုးသည် ၂၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၈-၂၀၀၄ရက်တွင် ပျော်ဘွယ်မြို့ ရွှေပြည်သာ သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေပိုင်း | မြေကွက် | မြေအမည်ပေါက် | |
| ၁။ | ဒေါ်ကြူကြူအေး+၁ | ၁၂/ပဘတ(နိုင်)၀၀၇၁၂၆ | ၂၂ ခန်းမဆောင်လမ်း | မင်္ဂလာတောင်ညွန့် | ၇-B | ၄၂ | ဒေါ်လှစီ ဒေါ်တင်တင်ရီ | အမည်ပြောင်း |
| ၂။ | ဒေါ်မေရီ | ၁၂/ဥကမ(နိုင်)၁၆၆၅၆၆ | ၁၉၂(က)၊ မင်းရဲကျော်စွာ(၂)လမ်း စက်မြေ | ဒလ | ၂ | ၆၄၃(ခ) | ဦးခါတ် | ဂရန်သစ် |
| ၃။ | ဒေါ်ခင်သင်းသင်း | ၁၂/မရက(နိုင်)၁၃၀၇၁၀ | ၃၈၊ ပါရမီရိပ်သာ ပါရမီလမ်း ရန်ကင်း | တောင်ဥက္ကလာပ | ၄-တိုးချဲ့ | ၆၁/ခ | ဦးစိန်မှန် | အမည်ပြောင်း |
| ၄။ | ဦးသောင်းတင်+၁ | ၁၂/ကမတ(နိုင်)၀၄၀၈၁၁ | ၇၃/၇၅ ၄၉-လမ်း၊ (၁)ရပ်ကွက် | ပုဇွန်တောင် | ၁၀-I | III-၂ | ဦးကျော်ထင် | အမည်ပြောင်း |
| ၅။ | အုန်းရီမြင့်(ဘီးလစ်) | ၁၄/ဖပန(နိုင်)၀၆၁၉၇၅ | ၁၉/ခ၊ အောင်ဆောလမ်းသွယ် ... (၁၃)ရပ်ကွက် | လှိုင် | ၁၉ | ၄/ခ ၂၈-၁ | ဒေါ်ခင်မိုပါ | မြေပုံကူး |
| ၆။ | ဒေါ်လှလှမြင့်(ခ)မြမြရီ | ၁၂/ကမရ(နိုင်)၀၀၆၅၅၄ | ၁၅/၁၀-ရပ်ကွက်၊ သံလွင်လမ်း ကမာရွတ် | ကမာရွတ် | ၃၆-E | ၁၈၃/A ၅,၆ | ဒေါ်ရွှန်တီး+၂ | အမည်ပြောင်း |
| ၇။ | ဦးထိန်ဝင်း | ၁၂/ကမတ(နိုင်)၀၃၅၂၁၇ | ၃၃(အယ်လ်)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း | မရမ်းကုန်း | ၃၅-သမိုင်း | ၁၈/စ ၅/၈ | ဒေါ်တင်တင်လှ | အမည်ပြောင်း |
| ၈။ | ဒေါ်ချိုချိုဝင်း+၁ | ၁၂/တမန(နိုင်)၀၅၉၁၁၅ | ၁၁၄၇ မဟာနွယ်လမ်း၊ ရွှေကူညွန့်ရပ်ကွက် တာမွေ | ဒဂုံမြောက် | ၄၂ | ၂၉ | ဒေါ်လှစစ်သိန်း | အမည်ပြောင်း |
| ၉။ | ဒေါ်သီတာစိုး | ၁၂/ပဇတ(နိုင်)၀၁၁၁၂၀ | ၁၃၈၊ ဗိုလ်ချုပ်လမ်း | ပုဇွန်တောင် | ၁၁-I | ၄၉ | ဒေါ်သန်း | အမည်ပြောင်း |
| ၁၀။ | ဦးအောင်မြင့် | ၁၄/မအပ(နိုင်)၀၇၇၉၁၁ | ပန်းတော၊ ကျောင်းရွာအုပ်စု မအူပင်မြို့နယ် | လှိုင်သာယာ | သာကေတ-၂ | ၂/၆၇၆(က) | ဦးယုဆွတ် | ဂရန်သစ် |
